တေဒင်္ဂရပုဂ္ဂိုလ်ထူးများ

အမှတ်စဉ် (၄)

ဓုတင်အကျင့်အရာ အသာဆုံး တေဒဂ်ရ အရှင်မဟာကဿပ မထေရ်

လောကလူသားတွေဟာ ကိုယ့်မျိုးရိုးရဲ့ ကြီးကျယ်မြင့်မြတ်မှုကို အကြောင်းပြုပြီး ဇာတိမာန် ကြီးတတ်ကြတယ်။ ရရှိထားတဲ့ ဘွဲ့ဒီဂရီတွေ သင်ယူထားတဲ့ပညာရပ်တွေနဲ့ ပတ်သက်ပြီးတော့လဲ ပညာမာန် ထောင်တတ်ကြတယ်။ ရုပ်ရည်အဆင်း လှပြန်ရင်လဲ အဆင်းမာန်တက်တတ်ကြတယ်။ ဒီမာန်တွေဟာ လောကနယ်ပယ်မှာတော့ စိတ်ကျေနပ်စရာလို့ ထင်ရပေမဲ့ ကိလေသာအပူမီးတွေ ငြိမ်းအေးရာ သံသရာလွတ်လမ်းကို လှမ်းမယ် ဆိုရင်တော့ ဒီမာန်တွေက ဆူးငြောင့်ခလုတ် အတားအဆီးတွေပါ။ ဒါ့ကြောင့် ဒီမာန်သုံးမျိုး ငြိမ်းအောင် ကျင့်နိုင်ဖို့ မြတ်စွာဘုရားက အရှင်မဟာကဿပကို ဆုံးမဩဝါဒစကားသုံးခွန်း မိန့်ခဲ့ပါတယ်။ မြတ်စွာဘုရားမိန့်တဲ့ ဆုံးမဩဝါဒတော်အတိုင်း ကျင့်ပါမည်ဘုရားလို့ အရှင်မဟာကဿပက ဝန်ခံကတိပေး လိုက်တာနဲ့ အရှင်မြတ်ဟာ ရဟန်းဖြစ်သွားပါတယ်။ အရှင်မြတ်ကြီးရဲ့ ဒီလို ဩဝါဒလိုက်နာပါမယ်ဘုရားလို့ ဝန်ခံလိုက်ရုံနဲ့ ရဟန်းဖြစ်တာကို ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါလို့ ခေါ်ပါတယ်။ မြတ်စွာဘုရား သာသနာတော်မှာ ဒီလိုနည်းနဲ့ ရဟန်းဖြစ်ခဲ့တာဆိုလို့ အရှင်မြတ်ကြီးတစ်ပါးပဲ ထူးခြားစွာ ရှိခဲ့တာပါ။ ဒီတပတ်မှာတော့ အဖိုးတန် ဘဝလမ်းညွှန် ဆုံးမစကား သုံးခွန်းနဲ့ ရဟန်းဖြစ်ခဲ့တဲ့ အရှင်မြတ်ကြီးအကြောင်းကို ကြည်ညိုကြည့်ကြပါမယ်။

အရှင်မြတ်ကြီးဟာ ဘုရားသာသနာတော်မှာ ဓုတင်အရာမှာ အသာဆုံးတေဒဂ် ရရှိခဲ့သူ ဖြစ်ပါတယ်။ ဓုတင်ဆိုတာ ကိလေသာတွေကို ခါတွက်တဲ့အကျင့်တွေကို ဆိုလိုတာပါ။ ဓုတင်အကျင့်ပေါင်း ၁၃ မျိုးရှိပါတယ်။ အဲဒီ ဓုတင် ၁၃ မျိုးကို ကိုယ်တိုင်လဲ ကျင့်၊ တပည့်တွေကိုလဲ လိုက်နာကျင့်သုံးအောင် ဟောပြောဆုံးမတဲ့နေရာမှာ အရှင်မြတ်ကြီးက အသာဆုံး အမြတ်ဆုံးပါ။ ဒါ့ကြောင့် ဒီ တေဒဂ်ကို ရခဲ့တာပါ။ စာလိုတော့ ဓုတဝါဒ တေဒဂ်လို့ ခေါ်ပါတယ်။ ဒါ့အပြင် အရှင်မြတ်ကြီးဟာ သက်တော်(၁၂၀) ရှည်ခဲ့ပြီး ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့ အခါမှာ ပထမသင်္ဂါယနာတင်ပွဲကြီးကို ဦးဆောင်ခဲ့တဲ့ အရှင်မြတ်လဲ ဖြစ်ပါတယ်။ အရှင်မြတ်ကြီး ဦးဆောင်ပြီး သင်္ဂါယနာတင်ခဲ့တဲ့အတွက်ကြောင့် မိမိတို့တတွေဟာ စစ်မှန်တဲ့ ထေရဝါဒသာသနာတော်နဲ့ ကြုံနေကြရတာပါ။ အရှင်မြတ်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေဟာ ဒီတစ်ခုထဲနဲ့ပင် တန်ဖိုးမဖြတ်နိုင်ပါဘူး။ နောက်ပြီး သာသနာတော်မှာ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့ပြီးရင် တတိယအရေးပါးဆုံး မဟာသာဝကတပည့်ကြီးတစ်ပါးလဲ ဖြစ်ပါတယ်။

အရှင်မြတ်ကြီးရဲ့ ဘဝဖြစ်ရပ်ကို ပိဋကတ်တော်မှာ မှတ်တမ်းတင်ထားတဲ့အတိုင်း ပါရမီဖြည့်ခဲ့တဲ့ ဘဝတွေထဲက ငါးဘဝပါရမီဖြည့်ခဲ့ပုံ အပိုင်းရယ်၊ နောက်ပြီး ပစ္ဆိမဘဝ ရောက်လာပြီး မြတ်စွာဘုရားထံမှာ ရဟန်းပြုကာ ဓုတင်အရာ တေဒဂ်ရခဲ့ပုံရယ်နဲ့ နောက်ဆုံး အရှင်မြတ်ကြီးနဲ့ဆက်စပ်ပြီး ဟောထားတဲ့ မှတ်သားဖွယ်ရာ တရားတော် အပိုင်းဆိုပြီး သုံးပိုင်းခွဲ ကြည်ညိုကြပါမယ်။ ပထမဆုံး အတိတ်ကာလ ငါးဘဝ ပါရမီဖြစ်ခဲ့ပုံ အကြောင်းနဲ့ စကြပါစို့။

(က) ပါဠိမှီဖြည့်ခဲ့ရာ ငါးဘဝ

(၁) ပဒုမုတ္တရာဘုရားရှင်လက်ထက် ဧတဒဂ်ဆုပန်ပုံ

အရှင်မဟာကဿပဟာ လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းကာလ ပဒုမုတ္တရာမြတ်စွာဘုရားလက်ထက် ဟံသာဝတီ မင်းနေပြည်မှာ ဝေဒေဟဆိုတဲ့အမည်နဲ့ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးသူကြွယ်တစ်ဦးဖြစ်ခဲ့ပြီး သူဟာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသကာလဲ ဖြစ်ပါတယ်။ ဥပုသ်နေ့တစ်နေ့မှာ ဥပုသ်ဆောက်တည်ကာ ပန်းနံ့သာစတဲ့လှူဖွယ်တန်းဖွယ်များနဲ့ ကျောင်းတော်ကိုသွား မြတ်စွာဘုရားကို ဦးချကန်တော့ပြီး သင့်တော်တဲ့နေရာမှာ ထိုင်နေပါတယ်။ အဲဒီအချိန်မှာ ပဒုမုတ္တရာမြတ်စွာဘုရားက မဟာနိသဘမထေရ်ကို ဓုတင်အကျင့်အရာ အသာဆုံး ဧတဒဂ်ရာထူး ချီးမြှင့်ပါတယ်။ ဒါကို ဝေဒေဟသူကြွယ် အားကျပြီး မြတ်စွာဘုရားကို နောက်တစ်နေ့ သူ့အိမ်မှာ နောက်ပါသံဃာတော်များနဲ့အတူ ဆွမ်းစားကြွဖို့ ပင့်လျှောက်ပါတယ်။ မြတ်စွာဘုရားရှင်လဲ လက်ခံပြီး နောက်တစ်နေ့မနက် ဝေဒေဟသူကြွယ်အိမ် ဆွမ်းစားကြွသွားပြီး နောက်ပါသံဃာတော်များနဲ့အတူ ဆွမ်းဘုဉ်းပေးပါတယ်။ သူကြွယ်လဲ ဝေယျာဝစ္စပြုလုပ်ရင်း ဘုရားရှင်အနီးမှာ ရှိနေပါတယ်။

ဒီအချိန်မှာ အရှင်နိသဘမထေရ်ဟာ အိမ်စဉ်အတိုင်း ဆွမ်းခံကြွရင်းကနေ ဝေဒေဟသူကြွယ်ရဲ့အိမ်ရှေ့ လမ်းထဲရောက်လာပါတယ်။ ဒါကို သူကြွယ်က လှမ်းမြင်ပြီး အရှင်မြတ်ထံ သွားကာ ဆွမ်းလောင်းဖို့အတွက် သပိတ်ကို လှမ်းယူပါတယ်။ ပြီးတော့ မြတ်စွာဘုရားရှင်လဲ အိမ်ထဲမှာ ဆွမ်းဘုဉ်ပေးနေပါတယ်၊ အိမ်ထဲကြွပါဘုရားလို့ ပင့်လျှောက်တဲ့အခါ အရှင်မြတ်က မအပ်စပ်လို့ပါ ဒကာလို့ ပြန်လည်မိန့်ကြားတဲ့အတွက် သူကြွယ်က သပိတ်ထဲ ဆွမ်း၊ ဆွမ်းဟင်းတွေ လောင်းလှူလိုက်ပါတယ်။ အဲဒီနောက် သူကြွယ်ဟာ မြတ်စွာဘုရားအနား ပြန်ရောက်လာပြီး "အရှင်ဘုရား မဟာနိသဘမထေရ်ကို အရှင်ဘုရားလဲ ရှိနေပါတယ်၊ အိမ်ထဲကြွပါလို့ ပင့်တာ ပင့်မရဘူးဘုရား၊ ဒီအရှင်မြတ်မှာ အရှင်ဘုရားတို့ထက် သာလွန်တဲ့ဂုဏ်တွေ ရှိနေလို့လား ဘုရား" လို့ မြတ်စွာဘုရားကို မေးလျှောက်ပါတယ်။ ဒီလိုမေးလျှောက်တော့ မြတ်စွာဘုရားရှင်တွေမှာ သူတပါးဂုဏ်နဲ့ပတ်သက်တဲ့ မနာလိုဝန်တိုမှု မစ္ဆရိယစိတ်မရှိတာကြောင့် မြတ်စွာဘုရားက "ငါတို့ကမှ လူတွေပင့်ရင် အိမ်ကြွပြီး ဆွမ်းဘုဉ်းပေးတယ်၊ ဒီရဟန်းက အဲဒီလို အိမ်ကို ပင့်ကပ်တဲ့ဆွမ်း မဘုဉ်းဘူး၊ ဆွမ်းခံပြီးပဲ ဘုဉ်းပေးတယ်။ ငါတို့ကမှ ရွာနီးကျောင်းမှာ နေသေးတယ်၊ သူက တောကျောင်းမှာပဲ နေတယ်။ ငါတို့ကမှ အမိုးပါတဲ့ ကျောင်းမှာ နေသေးတယ်၊ သူက လွင်တီးခေါင်မှာပဲ နေတယ်" စသဖြင့် အဲဒီမဟာနိသဘမထေရ်ရဲ့ ဓုတင်အကျင့် ဂုဏ်ကျေးဇူးတွေကို ချီးကျူးမိန့်ကြားပါတယ်။

ဝေဒေဟသူကြွယ်လဲ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မဟာနိသဘမထေရ်ကို အားကျတဲ့အတွက် မြတ်စွာဘုရားကို နောက်ထပ် ခုနစ်ရက်တိုင်တိုင် နောက်ပါသံဃာတော်တွေနဲ့အတူ ဆွမ်းအလှူခံ ကြွဖို့ ပင့်လျှောက်ပြီး ခုနစ်ရက်ခုနစ်လီ အလှူကြီးပေးပါတယ်။ ခုနစ်ရက်မြောက်တဲ့နေ့မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းဆက်ကပ်ပြီး တိစီဝရိတ်-သင်္ကန်းသုံးထည်စီ လှူဒါန်းကာ "တပည့်တော် ခုလို လှူဒါန်းရတဲ့

ကောင်းမှုကုသိုလ်ကြောင့် နတ်မင်း၊ ပြဟ္မာမင်း၊ သိကြားမင်းစတဲ့ လောကီဆုတွေကို မတောင့်တပါဘုရား၊ နောင်အနာဂတ် တစ်ဆူသောဘုရားထံမှာ အရှင်ဘုရားရဲ့တပည့် မဟာနိသဘာမထေရ်လို ဓုတင် တဆယ့်သုံးပါး အကျင့်နဲ့ပတ်သက်ပြီး အသာဆုံးတေဒဂ်ဆုကို ရရပါလို၏”လို့ ဆုတောင်းပါတယ်။ ဒီအခါ ပဒုမုတ္တရာမြတ်စွာဘုရားကလဲ အနာဂတံသဉာဏ်တော်နဲ့ ကြည့်လိုက်ပြီး နောင်ဂေါတမဘုရားလက်ထက်ရောက်ရင် သင့်ဆုတောင်း ပြည့်မှာဖြစ်ကြောင်း ဗျာဒိတ်စကား မိန့်ကြားပါတယ်။ ဝေဒေဟသူကြွယ်လဲ သူ့ဆုတောင်း နောက်တစ်နေ့ဆိုရင်ပဲ ပြည့်တော့မှာလို စိတ်ထဲမှာ ကြည်နူးဝမ်းသာအားရဖြစ်ပြီး တစ်သက်ပတ်လုံး ဒါနပြု၊ သီလဆောက်တည်၊ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ကာ အဲဒီကဘဝကနေ သေပြီးတဲ့နောက် နတ်ပြည်ရောက်ခဲ့ပါတယ်။

(၂) ဝိပဿီမြတ်စွာဘုရားလက်ထက် ပါရမီဖြည့်ပုံ

အရှင်မြတ်အလောင်းဟာ လူ့ပြည်နတ်ပြည် ကျင်လည်ရင်းက ဒီကမ္ဘာကနေ နောက်ပြန်ရေတွက်ရင် လွန်ခဲ့တဲ့ ၉၁ ကမ္ဘာထက်မှာ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူပြီး ဗန္ဓုမတီမင်းနေပြည်မှာ သီတင်းသုံးနေတဲ့ အချိန် ဆင်းရဲနွမ်းပါးတဲ့ ပုဏ္ဏားမျိုးမှာ ဖြစ်ခဲ့ပါတယ်။ ဘယ်လောက်ဆင်းရဲသလဲဆိုရင် ဒီပုဏ္ဏားနဲ့ သူ့ဇနီးပုဏ္ဏေးမမှာ အောက်ပိုင်းအတွက် ဝတ်စရာ အဝတ်တစ်ထည်စီ ရှိပေမဲ့ အထက်ပိုင်းအတွက်တော့ နှစ်ယောက်မှ ဝတ်စရာ တစ်ထည်ပဲ ရှိတာပါ။ ပုဏ္ဏေးမအပြင်သွားစရာရှိလို့ အပေါ်ပိုင်းအဝတ်ကို ဝတ်သွားရင် ပုဏ္ဏားက အိမ်မှာပဲ နေခဲ့ရတယ်။ ပုဏ္ဏားက ဝတ်သွားပြန်ရင်လဲ ပုဏ္ဏေးမ အိမ်မှာ နေခဲ့ရတယ်။ အဲဒီလို လင်မယား နှစ်ယောက်မှ အပေါ်ပိုင်းဝတ်စရာ တစ်ထည်ပဲရှိတာမို့ ဒီပုဏ္ဏားရဲ့ နာမည်ကို **ဧကသာဋကပုဏ္ဏား**ရယ်လို့ ခေါ်ကြတယ်။

အဲဒီခေတ်ကာလက လူတွေက သတိအားကောင်းကြလို့ ကိလေသာတွေ သိပ်မများတဲ့အတွက် ဝိပဿီမြတ်စွာဘုရားက ခုနစ်နှစ်မှ တစ်ခါပဲ တရားဟောပါတယ်။ ခုနစ်နှစ်တစ်ခါ တရားဟောခါနီးရင် နတ်တွေက တရားပွဲရှိကြောင်း ကြွေးကြော် အသိပေးကြတယ်။ အဲဒီတုန်းက တရားပွဲကို နေ့ပိုင်း၊ ညပိုင်း နှစ်ချိန် ဟောပါတယ်။ နေ့ပိုင်းအတွက် ညနေပိုင်းမှာ ဟောကြားပြီး၊ ညပိုင်းအတွက်တော့ တစ်ညလုံးဟောပါတယ်။ တရားပွဲရှိတဲ့အကြောင်း ပုဏ္ဏားကြီး သိတဲ့အခါ အပေါ်ပိုင်းဝတ်စရာ အဝတ်ကလဲ တစ်ထည်ပဲ ရှိတာမို့ နှစ်ယောက်အတူ တရားနာသွားဖို့ မဖြစ်နိုင်တဲ့အတွက် ဘယ်သူက ဘယ်အချိန်သွားနာမလဲ တိုင်ပင်ကြတယ်။ ဒီအခါ ပုဏ္ဏေးမက သူက အမျိုးသမီးဖြစ်တဲ့အတွက် ညနေပိုင်း တရားသွားနာမယ်ဆိုပြီး ညနေပိုင်းတရားပွဲ သွားနာပါတယ်။ ပြန်လာတဲ့အခါ ပုဏ္ဏေးမ ချွတ်ပေးတဲ့ အပေါ်ပိုင်းအဝတ်ကို ပုဏ္ဏားက ဝတ်ပြီးမှ ညပိုင်း တရားပွဲ သွားရပါတယ်။

ပုဏ္ဏားလဲ ဝိပဿီမြတ်စွာဘုရားရဲ့ တရားတော်ကို နာလိုက်ရတဲ့အခါ ပီတိတွေ တဖွားဖွား ဖြစ်ပေါ်လာပြီး အပေါ်ပိုင်းကိုယ်ရုံအဝတ်ကို မြတ်စွာဘုရားအား လှူချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာတယ်။ ဒီအခါမှာ “ငါနဲ့ ငါ့ဇနီး နှစ်ယောက်ပေါင်းမှ ဝတ်စရာကိုယ်ရုံက ဒီတစ်ထည်ပဲ ရှိတာ၊ ဒါလှူလိုက်ရင် ငါတို့နှစ်ယောက်လုံး

အိမ်ပြင်တောင် ထွက်လို့ရတော့မှာ မဟုတ်ဘူး၊ လှူလို့ မဖြစ်သေးပါဘူးလေ”လို့တွေးမိပြီး မလှူဖြစ်ပါဘူး။ ဒီလိုနဲ့ တရားဆက်နာရင်း ညရဲ့ ညဦးပိုင်းညဥ့်ဦးယာမ်ကုန်လို့ သန်းခေါင်ယံအချိန် ရောက်ပြန်တော့လဲ စောစောကလို ပီတိတွေဖြစ်ပြီး လှူချင်စိတ်တွေ ပေါက်လာပြန်ရော၊ ဒီအခါလဲ လှူလို့ မဖြစ်သေးပါဘူးလေ ဆိုပြီး တွန့်ဆုတ် သွားပြန်တယ်။ မိုးသောက်ယံအချိန် ဆက်ပြီး တရားနာနေရင်းက နောက်တစ်ခါ လှူချင်စိတ်တွေ ဖြစ်လာတဲ့ အခါမှာတော့ သေချင်လဲသေ၊ ရှင်ချင်လဲ ရှင်၊ ဖြစ်ချင်ရာ ဖြစ်ပါစေတော့လို့ ဆုံးဖြတ်ချက်ချပြီး လှူဖို့ရာ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေတဲ့ မစ္ဆရိယစိတ်တွေကို အနိုင်ယူတွန်းလှန်ဖယ်ရှားပြီးတော့ သူ့ရဲ့ အပေါ်ရုံ အဝတ်ကို သေချာခေါက်ပြီး မြတ်စွာဘုရားကို သက်န်းအဖြစ် ဆက်ကပ်လှူဒါန်းလိုက်ပါတယ်။ လှူပြီးတဲ့အခါ လက်ယာလက်ကို ဆန့်တန်းပြီး “ဇိတံ မေ - ငါအောင်ပြီ၊ ဇိတံ မေ - ငါအောင်ပြီ” လို့ သုံးကြိမ်သုံးခါ လက်ခမောင်းခတ် ကြွေးကြော် လိုက်ပါတယ်။

ဒီအခါ ဇန္နုမတီနေပြည်တော်ရဲ့ပြည့်ရှင် ဇန္နုမာမင်းကြီးကလဲ တရားဟောပလ္လင်ရဲ့ နောက်နားကနေ ကန့်လန့်ကာလေး ကာပြီး တရားနာနေရင်းက အဲဒီဆင်းရဲသားပုဏ္ဏား ကြွေးကြော်လိုက်တဲ့ ဇိတံ မေ ဆိုတဲ့ အသံကို ကြားလိုက်တယ်။ ရှင်ဘုရင်တွေအတွက် တခြားသူတစ်ယောက်ယောက်က ဇိတံ မေ - ငါအောင်ပြီ လို့ ရွတ်တဲ့အသံကို မနှစ်သက်ကြပါဘူး။ သူတို့ကိုယ်တိုင်ကသာ ဇိတံ မေ လို့ ဆိုချင်သူတွေပါ။ ဒါ့ကြောင့် ရှင်ဘုရင် က မင်းစေလုလင်တစ်ယောက်ကို ပုဏ္ဏားထံ သွားပြီး စုံစမ်းမေးမြန်းခိုင်းပါတယ်။ ဒီအခါ ပုဏ္ဏားက “ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်ဆိုတဲ့ စစ်အင်္ဂါလေးပါးနဲ့ တစ်ဖက်ရန်သူကို အနိုင်ယူတယ်ဆိုတာ သိပ်အံ့သြ စရာ ကောင်းတဲ့အရာမဟုတ်ပါဘူး၊ အကျွန်ုပ်ဟာ ဥပမာအားဖြင့် နောက်က လိုက်လာတဲ့ နွားရိုင်းကို တင်းပုတ်နဲ့ ဦးခေါင်းကို ရိုက်ပြီး နောက်ပြန်ပြေးစေနိုင်တဲ့ပုဂ္ဂိုလ်လိုမျိုး မလှူလိုမပေးလိုတဲ့ မစ္ဆရိယစိတ်ထားကို အနိုင်ယူပြီး အကျွန်ုပ်ရဲ့ တစ်ခုတည်းသောအပေါ်ရုံအဝတ်ကို မြတ်စွာဘုရားရှင်အား လှူဒါန်းနိုင်ခဲ့ပါတယ်၊ အကျွန်ုပ်ရဲ့ ဒီ မစ္ဆရိယစိတ်ထားကို အနိုင်ယူနိုင်ခြင်းကသာ အံ့သြစရာကောင်းပါတယ်”လို့ ဖြေကြားပါတယ်။ ဒီအကြောင်း ရှင်ဘုရင်ကို ပြန်လည် သံတော်ဦးတင်ပြတဲ့အခါ ရှင်ဘုရင် သဘောကျသွားပြီး ပုဏ္ဏားအတွက် ဝတ်စုံတစ်စုံ ဆုချတဲ့အနေနဲ့ ပို့ပေးလိုက်တယ်။

ဆင်းရဲသားပုဏ္ဏားလဲ ရှင်ဘုရင်ဆုချလိုက်တဲ့ ဝတ်စုံကို ကြည့်ပြီး “ အော် ဒီရှင်ဘုရင်က ငါ စောစောက ငြိမ်ပြီး တရားနာနေတုန်းက ဘာတစ်ခုမှ အပို့မခိုင်းခဲ့ဘူး၊ ခု မြတ်စွာဘုရားဂုဏ်ကို ပြောလိုက်မှ ဒီဝတ်စုံကို ပို့ခိုင်းခဲ့တယ်၊ ဒီဝတ်စုံက မြတ်စွာဘုရားကြောင့်ရတာ ဖြစ်လို့ မြတ်စွာဘုရားနဲ့ပဲ သင့်တော်ပါတယ်” လို့ စဉ်းစား ပြီး အဲဒီဝတ်စုံကို မြတ်စွာဘုရားအား လှူလိုက်ပါတယ်။ ဒီအကြောင်းကို ရှင်ဘုရင်သိသွားတော့ နောက်ထပ် ဝတ်စုံ နှစ်စုံ ပို့ခိုင်းပြန်တယ်၊ ဒီအခါမှာလဲ ပုဏ္ဏားက မြတ်စွာဘုရားကိုပဲ လှူလိုက်ပြန်တယ်။ ဒီလိုနဲ့ ရှင်ဘုရင်က သဘောကျလို့ နောက်ထပ် နှစ်ဆနှစ်ဆ တိုးတိုးပြီး ပုဏ္ဏားထံ လေးစုံ၊ ရှစ်စုံ၊ ဆယ့်ခြောက်စုံ၊ သုံးဆယ့်နှစ်စုံ ပို့ခိုင်းပြန်တယ်။ ဒီအခါမှာတော့ ပုဏ္ဏားလဲ “အော် ပိုပိုလိုချင်လို့ လှူတဲ့အနေ ရောက်နေပြီ၊ မတော်တော့ ပါဘူးလေ” လို့ တွေးပြီး နောက်ဆုံးပို့လိုက်တဲ့ သုံးဆယ့်နှစ်စုံထဲက သူ့အတွက် တစ်စုံနဲ့ သူ့ဇနီး ပုဏ္ဏေးမ အတွက် တစ်စုံ ပေါင်း နှစ်စုံပဲ ယူထားလိုက်ပြီး ကျန်တဲ့အစုံ သုံးဆယ်ကို မြတ်စွာဘုရားရှင်ကိုပဲ လှူဒါန်း

လိုက်ပါတယ်။ အဲဒီအချိန်ကစပြီး ဆင်းရဲသားပုဏ္ဏားနဲ့ ဝိပဿီမြတ်စွာဘုရားရှင်တို့ဟာ အတော်လေး ရင်းနှီးကျွမ်းဝင်ဖြစ်သွားပါတယ်။

ဒို့နောက် ရှင်ဘုရင်ကြီးဟာ အလွန်ချမ်းအေးတဲ့တစ်နေ့မှာ မြတ်စွာဘုရားဆီမှာ တရားနာနေတဲ့ ဆင်းရဲသားပုဏ္ဏားကို တွေ့လို့ သူဝတ်လာတဲ့ ကမ္ဗလာနီ အပေါ်ခြုံထည်ကြီးကို ပေးလိုက်ပြန်တယ်။ ဒီအခါ ပုဏ္ဏားက ဒီလိုအဖိုးတန်တဲ့ကမ္ဗလာခြုံထည်နဲ့ ငါ့ရဲ့အပုပ်ကောင် ခန္ဓာကိုယ်မှာ ဝတ်ရုံလို့ ဘာမှအကျိုးမထူးပါဘူးလေလို့ တွေးပြီး ဘုရားရှင်သီတင်းသုံးတဲ့ ဂန္ဓကုဋီတိုက်တော်ထဲက ကုတင်ညောင်စောင်းအထက်မှာ မျက်နာကြက် လုပ်ပြီး ပူဇော်လိုက်ပါတယ်။ တစ်နေ့မှာတော့ ရှင်ဘုရင်ကြီး ကျောင်းတော်ကို ရောက်လာပြီး ဘုရားရှင်သီတင်းသုံးတဲ့ ဂန္ဓကုဋီတိုက်တော်ထဲဝင်ကာ ဘုရားရှင်အနီးမှာ ထိုင်နေပါတယ်။ ဘုရားရှင်ရဲ့ ရောင်ခြည်တော်နဲ့အပေါ်က မျက်နာကြက်ကမ္ဗလာအနီရောင် နှစ်ခုဟပ်မိပြီး အတော်လေးကို တင့်တယ်သပ္ပါယ်နေပါတယ်။ ဒီအခါ ရှင်ဘုရင်က အပေါ်ကို မော်ကြည့်လိုက်တော့ ကမ္ဗလာနီကို ကောင်းကောင်းမှတ်မိပြီး မြတ်စွာဘုရားကို အကျိုးအကြောင်း မေးလျှောက်တဲ့အခါ ဆင်းရဲသားပုဏ္ဏား လှူထားမှန်းသိသွားပြီး "အော် ပုဏ္ဏားဟာ သင့်တင့်လျှောက်ပတ်သည်ကို သိပါပေတယ်၊ ငါတို့သာ ဘာမှ မသိနားမလည်ပါလား"ဆိုပြီး ပုဏ္ဏားကို အတော်လေးသဘောကျသွားပြီး ကောင်းပေ့ဆိုတဲ့ လူ့အသုံးဆောင်မှန်သမျှကို တစ်မျိုးတစ်မျိုးကို ခြောက်ဆယ့်လေးခုစီ ခြောက်ဆယ့်လေးခုစီ စီမံကာ ပုဏ္ဏားကြီးကို ချီးမြှောက်ပေးသနားတော်မူပြီး ပုရောဟိတ်ရာထူး ခန့်အပ်ခဲ့ပါတယ်။ ပုဏ္ဏားလည်း ခြောက်ဆယ့်လေးမျိုးသော စာရေးတံဆွမ်းကို မပြတ်ဖြစ်စေပြီး အသက်ထက်ဆုံး ဒါနကောင်းမှု၊ သီလကောင်းမှုတွေပြုကာ အဲဒီဘဝကနေ ကွယ်လွန်တဲ့အခါ နတ်ပြည်မှာ ဖြစ်ခဲ့ပါတယ်။

(၃) ဘုရားနှစ်ဆူအကြား သူကြွယ်ဘဝဖြင့် ပါရမီဖြည့်ပုံ

တစ်ခါ နတ်ပြည်ကနေ စုတေပြန်တော့ ဒီ ဘဒ္ဒကမ္ဘာမှာ ကောဏာဂုံမြတ်စွာဘုရားနဲ့ ကဿပမြတ်စွာဘုရားနှစ်ဆူအကြား ကြားကာလတစ်ခုမှာ အရှင်မဟာကဿပအရှင်မြတ်ကြီးဟာ ဗာရာဏသီပြည်က သူကြွယ်မျိုးမှာ ဖြစ်ခဲ့ပါတယ်။ အရွယ်ရောက်လို့ အိမ်ထောင်ရက်သားကျပြီး တစ်နေ့မှာတော့ သူကြွယ်ဟာ မြစ်ကမ်းနား အညောင်းပြေ လမ်းလျှောက်သွားရင်းက ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါး သင်္ကန်းချုပ်နေရင်း အဝတ်စမလောက်လို့ ပြန်ခေါက်သိမ်းနေတာကို မြင်တွေ့လိုက်ပါတယ်။ ဒီအခါ အဲဒီသူကြွယ်ဟာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံ သွားပြီး သူ့ရဲ့ အပေါ်ရုံအဝတ်ပိုင်းကို အရှင်မြတ်သင်္ကန်းချုပ်လို့ မလောက်မင ဖြစ်နေတဲ့ အနားပတ်နေရာမှာ ထည့်ချုပ်နိုင်ဖို့ လှူလိုက်ပါတယ်။ လှူပြီးတဲ့အခါမှာလဲ ဖြစ်လေရာဘဝတိုင်းမှာ ဘယ်လိုပစ္စည်းအသုံးအဆောင်နဲ့မှ ချို့ငဲ့တဲ့သူ မဖြစ်ပါရစေနဲ့လို့ ဆုတောင်းလိုက်ပါတယ်။

အဲဒီနောက် သူကြွယ်ရဲ့ အိမ်မှာလဲ သူကြွယ်ရဲ့နှမနဲ့ သူကြွယ်ရဲ့ဇနီးတို့ စကားများ ရန်ဖြစ်နေခိုက် ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါး အိမ်ရှေ့ဆွမ်းခံရောက်လာပါတယ်။ ဒီအခါ သူကြွယ်ရဲ့နှမက ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ သပိတ်ကို ဆွမ်းအပြည့် လောင်းလှူကာ သူကြွယ်ရဲ့ဇနီးကို ရည်ညွှန်းစောင်းမြောင်းပြီး "ဒီလိုသူမိုက်မမျိုးကို ယူဇနာတစ်ရာကပင် ရှောင်ကြဉ်နိုင်တဲ့သူ ဖြစ်ရပါလို၏"လို့ ဆုတောင်းလိုက်ပါတယ်။ ဒါကို

သူကြွယ်ရဲ့ဇနီးကြားလိုက်တဲ့အခါ ပစ္စေကဗုဒ္ဓါနောက် လိုက်သွားပြီး သပိတ်ကို လှမ်းယူကာ "ဒီအမိုက်မ လှူတဲ့ ဆွမ်းကို အရှင်မြတ် မဘုဥ်းပေးပါစေနဲ့" ဆိုပြီး ဆွမ်းတွေ သွန်ပစ်လိုက်ပါတယ်။ ဒီ့နောက် ရွှံ့ညွှန်တွေ အပြည့်ထည့်ပြီး ပစ္စေကဗုဒ္ဓါကို သပိတ်ပြန်ကပ်လိုက်ပါတယ်။ ဒါကို သူကြွယ်ရဲ့နမက သိတဲ့အခါ "ဟယ် အမိုက်မ နင်စိတ်ဆိုးရင် ငါ့ကို ရိုက်ချင်ရိုက်၊ ဆဲချင်ဆဲပါ။ ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ သပိတ်ထဲက ဆွမ်းကို သွန်ပစ်လိုက်ပြီးတော့ ရွှံ့ညွှန်တွေ ထည့်လှူလိုက်တာတော့ မသင့်တော်ပါဘူး" လို့ ဆုံးမစကား ပြောလိုက် တယ်။ ဒီအခါ သူကြွယ်ရဲ့ဇနီးလဲ ဆင်ခြင်တုံတရားရပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ရပ်တော်မူပါရန် လျှောက်ထားပြီး သပိတ်ကို ယူ၊ သပိတ်ထဲက သူလောင်းထားတဲ့ ရွှံ့ညွှန်တွေကို သွန်ပစ်ကာ သပိတ်ကို နံ့သာမှုန့်တွေနဲ့ ကျကျနန ပွတ်တိုက်ဆေးကြောပြီး စတုမဓုဆွမ်း အပြည့်ထည့်ကာ အပေါ်ကနေ ထောပတ်တွေ အရောင်တလက်လက် ထွက်နေအောင် လောင်းထဲ့လိုက်ပါတယ်။ ပြီးတဲ့အခါ ထိုသူကြွယ်မယားလဲ ဒီအရောင် တလက်လက် ထွက်နေတဲ့ဆွမ်းလို တပည့်တော်မလဲပဲ အရောင်တလက်လက် ထွက်နေတဲ့ခန္ဓာကိုယ်ကို ရပါရစေလို့ ဆုတောင်းခဲ့ပါတယ်။ ဒီသူကြွယ်နဲ့ သူ့မယားတို့ဟာ အသက်ထက်ဆုံး ကောင်းမှုကုသိုလ်ပြုပြီး ကွယ်လွန်တဲ့အခါ နတ်ပြည်ကို ရောက်ကုန်ကြပါတယ်။

(၄) ကဿပဘုရားရှင်လက်ထက် ဗာရာဏသီသူဌေးဘဝဖြင့် ပါရမီဖြည့်ပုံ

တစ်ခါ နတ်ပြည်ကနေ စုတေကြပြီးတဲ့နောက် သူကြွယ်က ကဿပမြတ်စွာဘုရားရှင် လက်ထက် ကာလ ဗာရာဏသီပြည်မှာ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့သူဌေးသား လာဖြစ်ပြီး၊ သူကြွယ်ရဲ့ဇနီးလဲ ကုဋေ ရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးသမီး လာဖြစ်ပါတယ်။ အရွယ်ရောက်လို့ သူဌေးသားအတွက် အိမ်ထောင်ပြုဖို့ရာ အဲဒီသူဌေးသမီးကို သူဌေးသားအိမ်ဆီ ခေါ်လာတဲ့အခါ အိမ်ဝရောက်တယ်ဆိုရင်ပဲ အတိတ်က အကုသိုလ်ကံ နောက်ယှက်အကျိုးပေးလာတဲ့အတွက် သူဌေးသမီးခန္ဓာကိုယ်ကနေ မစင်တွင်းကို ဖွင့်လိုက်သလိုမျိုး အနံ့ဆိုး တွေ ထွက်လာပါတယ်။ ဒီအခါ သူဌေးသားက သူဌေးသမီးကို သူ့မိဘအိမ် ပြန်ပို့ခိုင်းလိုက်ပါတယ်။ သူဌေးသမီး လဲ ဒီလိုမျိုး သတိုးသားအိမ်ပေါက်ဝရောက်မှ ပြန်လှတ်ခံရတာချည်း ခုနစ်ခါတောင် ရှိခဲ့ပါတယ်။ အကုသိုလ်ကံ များ အလွန်ကြောက်စရာ ကောင်းလှပါတယ်။

အဲဒီအချိန်အခါက ကဿပမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူလို့ ဘုရားရှင်အတွက် လူတွေက အဖိုးတစ်သိန်းတန် ရွှေအုတ်ချပ်တွေနဲ့ တစ်ယူဇနာမြင့်တဲ့ ဓာတုစေတီကြီးတည်ဖို့ရန် စီမံနေကြပါတယ်။ အဲဒီလို စေတီတည်နေတဲ့အချိန်မှာ သူဌေးသမီးလဲ "ငါဟာ သတိုးသားအိမ်ပေါက်ဝကနေ ခုနစ်ခါတောင် နောက်ပြန်လာ ခဲ့ရတယ်၊ ငါ့အတွက် အသက်ရှင်နေလို့လဲ ဘာမှ မထူးတော့ပါဘူး"လို့ တွေးပြီး သူ့ရဲ့ လက်ဝတ်ရတနာ တွေကို ထုခွဲရောင်းချပြီး ရွှေအုတ်တစ်လုံး စီမံပြုလိုက်ခိုင်းပါတယ်။ အဲဒီနောက် အုတ်စီတဲ့နေရာမှာ သုံးတဲ့ ဆေးဒါန်းမြင်းသီလာမှုန့်နဲ့ ရွှေအုတ်ကို ယူပြီး ကြာပန်းရှစ်လက်နဲ့အတူ စေတီတည်တဲ့နေရာကို သွားခဲ့တယ်။ အဲဒီအချိန်မှာ ပန်းရံဆရာတွေလဲ ရွှေအုတ်ချပ်တွေ စီနေရင်း နောက်ဆုံး အုတ်တစ်ချပ် လိုနေတဲ့အချိန်ပါ။ သူဌေးသမီးလဲ ပန်းရံဆရာကြီးထံသွားပြီး သူယူလာတဲ့ ရွှေအုတ်ကို နောက်ဆုံးလိုနေတဲ့နေရာမှာ စီပေးဖို့ မေတ္တာရပ်ခံ လိုက်တယ်ဆိုရင်ပဲ ပန်းရံဆရာကြီးက သူဌေးသမီးကိုယ်တိုင်ကိုယ်ကျ ကိုယ့်လက်နဲ့စီဖို့ တိုက်တွန်း

တာနဲ့ သူဌေးသမီးလဲ ဆီနဲ့ ဆေးဒါန်းမြင်းသီလာမှုန့်တွေကို အင်္ဂတေအဖြစ် အသုံးပြုပြီး သူ့ရဲ့ ရွှေအုတ်ချပ်ကို ကိုယ်တိုင်ပဲ စီလိုက်ပါတယ်။ နောက်ပြီး ကြာပန်းရှစ်လက်ကို အဲဒီပေါ်မှာတင်ပြီး "ဖြစ်လေရာဘဝတိုင်း သူ့ရဲ့ ခန္ဓာကိုယ်ကနေ စန္ဒကူးနံ့သာနံ့တွေ သင်းပျံ့ကြိုင်နေပါစေ၊ ခံတွင်းကနေ ကြာညိုပန်းရနံ့တွေ သင်းပျံ့လှိုင်နေပါစေ" လို့ ဆုတောင်းပြီး စေတီတော်ကို ရှိခိုးကန်တော့ အရိုအသေပြုကာ အိမ်ပြန်သွားခဲ့ပါတယ်။

ဒီအချိန်ခါမှာပဲ သူဌေးသားက သူပြန်ပို့ခိုင်းခဲ့ဖူးတဲ့ ဒီသူဌေးသမီးလေးကို ပြန်အမှတ်ရပြီး ဘယ်မှာ ရှိတယ်ဆိုတာ သူ့လူတွေကို စုံစမ်းခိုင်းပါတယ်။ သူဌေးသမီးလေး သူ့မိဘများအိမ်မှာပင် ရှိတဲ့အကြောင်း သူဌေးသား သိရတဲ့အခါ ပွဲလန်းသဘင် အတူသွားလည်ကြဖို့ သူဌေးသမီးကို သွားခေါ်ခိုင်းပါတယ်။ အဲဒီ အချိန်မှာ ဗာရာဏသီပြည်မှာ ပွဲလန်းသဘင် ဆင်ယင်ကျင်းပနေတဲ့အချိန်လဲ ဖြစ်ပါတယ်။ ဒီအခါ သူဌေးသမီးက လက်ဝတ်ရတနာတွေ အကုန်လုံး ကဿပဘုရားရှင်ရဲ့ဓာတုစေတီတော်ကြီးကို လှူလိုက်တဲ့အတွက် သူ့မှာ ဝတ်ဆင်စရာ လက်ဝတ်ရတနာမရှိလို့ မလိုက်လိုကြောင်း ပြောပါတယ်။ ဒီအကြောင်း သူဌေးသား သိတဲ့အခါ လာသာလာခဲ့ပါ၊ လက်ဝတ်ရတနာ အကုန်ဆင်မြန်းပေးမှာဖြစ်ကြောင်း ပြောပြီး ခေါ်ခိုင်းတဲ့အတွက် သူဌေး သမီးလဲ မငြင်းသာတော့ပဲ သူဌေးသားအိမ်ကို လိုက်လာခဲ့ပါတယ်။ သူဌေးသားအိမ်ဝ ဝင်လိုက်တယ် ဆိုရင်ပဲ သူဌေးသမီး ခန္ဓာကိုယ်က စန္ဒကူးနံ့သာနံ့တွေ၊ ခံတွင်းကနေ ကြာညိုပန်းရနံ့တွေ တစ်အိမ်လုံး မွှေးကြိုင် သွားပါ တယ်။

ဒီအခါ သူဌေးသားလဲ အံ့အားသင့်သွားပြီး သူဌေးသမီးကို "အိုရှင်မ…ဟိုအရင်က သင့်ရဲ့ခန္ဓာကိုယ်က မကောင်းတဲ့အနံ့တွေ နံနေခဲ့တာပါ၊ ခုတော့ သင့်ရဲ့ခန္ဓာကိုယ်က စန္ဒကူးနံ့သာနံ့နဲ့ သင့်ရဲ့ခံတွင်းက ကြာညို ပန်းနံ့တွေ သင်းနေပါပေါ့လား၊ ဘယ်လိုကြောင့်ပါလဲ"လို့ မေးပါတယ်။ ဒီအခါ သူဌေးသမီးက သူကုသိုလ်ပြု ဆုတောင်းပုံကို အစကနေ ပြန်ပြောပြပါတယ်။ ဒီအခါ သူဌေးသားလဲ "မြတ်စွာဘုရားရဲ့သာသနာတော်ဟာ ဝဋ်ဆင်းရဲကနေ တကယ့်ကို ကယ်တင်ပေးနိုင်တဲ့ သာသနာတော်ပါလား" လို့ ကြည်ညိုစိတ်တွေ ဖြစ်ပေါ်လာပြီး တစ်ယူဇနာရှိတဲ့ ကဿပမြတ်စွာဘုရားရှင်ရဲ့ ဓာတုရွှေစေတီတော်ကြီးကို ကမ္ဗလာသင်တိုင်း(ကမ္ဗလာဝတ်ရုံ ထည်)တွေနဲ့ ရစ်ပတ်လွှမ်းခြုံကာ ပူဇော်ပြီး စေတီတော်ဝန်းကျင်မှာလဲ လှည်းဘီးပမာဏရှိတဲ့ ရွှေပဒုမ္မာကြာပန်း တွေနဲ့ အဆန်းတကြယ် ကြည်ညိုဖွယ်ဖြစ်အောင် တန်းဆာဆင်ပြီး ပူဇော်လှူဒါန်းခဲ့ပါတယ်။ အဲဒီဘဝကနေ ကွယ်လွန်တဲ့အခါ သူတို့နှစ်ယောက်လုံး နတ်ပြည်မှာ ဖြစ်ခဲ့ကြတယ်။

(၅) နန္ဒမင်းဘဝဖြင့် ပါရမီဖြည့်ပုံ

နတ်ပြည်ကနေ စုတေပြီးတဲ့အခါ သူဌေးသားက ဗာရာဏသီပြည်နဲ့ တစ်ယူဇနာလောက်ဝေးတဲ့ အရပ်က အမတ်မျိုးနွယ်မှာ အမတ်သားဖြစ်ခဲ့ပြီး သူဌေးသမီးကတော့ ဗာရာဏသီမင်းရဲ့ နန်းတော်မှာ မင်းသမီး ဖြစ်ခဲ့တယ်။ သူတို့နှစ်ယောက်အရွယ်ရောက်တဲ့အခါ အမတ်သား နန္ဒလုလင်နေတဲ့ရွာမှာ နက္ခတ်ပျော်ပွဲသဘင် ရှိတဲ့အတွက် နန္ဒလုလင်က မိခင်ကို ပွဲသွားဖို့ အဝတ်အစားထုတ်ပေးရန် တောင်းပါတယ်။ အမေဖြစ်သူက လျှော်ပြီးဖွတ်ပြီးသား အဝတ်စားတစ်စုံ ထုတ်ပေးတဲ့အခါ ကြမ်းတယ်ဆိုပြီး နောက်တစ်မျိုးတောင်းလို့ နောက်

တစ်စုံထုတ်ပေးပါတယ်။ ဒါကိုလဲ မကြိုက်ပြန်ဘူးလို့ ငြင်းပြန်တယ်။ ဒီအခါ မိခင်ဖြစ်သူက ငါတို့မှာတော့ ဒီ့ထက် ကောင်းတဲ့ နူးညံ့သိမ်မွေ့တဲ့အဝတ်အစား ရှိထိုက်တဲ့ ဘုန်းကံမရှိဘူးလို့ ပြောတာနဲ့ မောင်နန္ဒက နူးညံ့တဲ့အဝတ် တွေရှိတဲ့အရပ် အကျွန်ုပ်သွားချင်တယ်လို့ ပြောလိုက်တယ်။ ဒီအခါ မိခင်က နန္ဒလုလင်ကို အမေ့ဆန္ဒ ပြောရရင်တော့ ဒီနေ့ပဲ သားကို ဗာရာဏသီပြည်ရဲ့ ရှင်ဘုရင်ကြီး ဖြစ်စေချင်တာပေါ့ သားရယ်လို့ ခွင့်ပြုတဲ့ နိမိတ်စကား ပြောပါတယ်။ နန္ဒလုလင်လဲ မိခင်ကို ရှိခိုးဦးချ ကန်တော့ပြီး ခရီးထွက်လာခဲ့တဲ့အခါ ကုသိုလ်ကံ နှိုးဆော်ချက်နဲ့ သူ့ရွာကနေ ထွက်လာခဲ့ပြီး ဗာရာဏသီမင်းနေပြည်ကို သွားကာ ဘုရင့်ဥယျာဉ်တော်ထဲ ဝင်ပြီး မင်္ဂလာကျောက်ဖြာပေါ်မှာ ခေါင်းမြီးခြုံအိပ်နေလိုက်တယ်။ အဲဒီနေ့ဟာ တိုက်တိုက်ဆိုင်ဆိုင် ဗာရာဏသီမင်း နတ်ရွာစံပြီးလို့ ခုနစ်ရက်မြောက်တဲ့နေ့လဲ ဖြစ်နေပါတယ်။

အမတ်တွေဟာ ဘုရင်ရဲ့ဈာပနကိစ္စကို စီမံဆောင်ရွက်ပြီးတဲ့နောက် မင်းနန်းတော် ယင်ပြင်မှာ ရှင်ဘုရင်တင်မြှောက်ဖို့ရန်အတွက် စည်းဝေးတိုင်ပင်ကြတယ်။ ဗာရာဏသီမင်းမှာက အမွေဆက်ခံမည့် သား မရှိဘဲ သမီးတော်တစ်ယောက်ပဲ ရှိတာပါ။ ဒီအခါ ပုရောဟိတ်ပုဏ္ဏားကြီးက မင်းလောင်းရှာတဲ့ ဖုဿရထား စေလွှတ်ပြီး ရှာဖို့ ဆုံးဖြတ်စကား ပြောလိုက်တယ်။ အမတ်တွေလဲ သဘောတူကြပြီး ကုမုဒြာကြာဖြူလို ဖြူဖွေး နေတဲ့ သိန္ဓောမြင်းလေးကောင် ကထားတဲ့ မင်္ဂလာဖုဿရထားပေါ် မင်းမြောက်တန်ဆာငါးပါးတင်ပြီး ရထားကို လွှတ်လိုက်ကြကာ နောက်ကနေ တူရိယာငါးမျိုး တီးမှုတ်စေပြီး စစ်အင်္ဂါလေးပါးနဲ့ လိုက်ပါလာကြတယ်။ ဖုဿရထားဟာ မြို့တော်အရှေ့တံခါးကနေ ထွက်လာခဲ့ပြီး ဥယျာဉ်တော်တွင်းဝင်ကာ ကျောက်ဖြာပေါ် အိပ်နေတဲ့ နန္ဒလုလင်ကို လက်ယာရစ်လည် အရိုအသေပေးပြီး ရပ်သွားခဲ့တယ်။ ပုရောဟိတ်ပုဏ္ဏားကြီးလဲ နန္ဒလုလင်ရဲ့ ခြုံထည်အဝတ်ကို အသာမပြီး ခြေဖဝါးပြင်ကို ကြည့်လိုက်တဲ့အခါ မင်းဖြစ်ထိုက်တဲ့ လက္ခဏာကို တွေ့တာနဲ့ တူရိယာတွေကို သုံးကြိမ် တီးမှုတ်စေပါတယ်။

နန္ဒလုလင်လဲ နိုးလာပြီး ပုရောဟိတ်ပုဏ္ဏားတွေကို အကျိုးအကြောင်းမေးတဲ့အခါ မင်းအဖြစ် တင် မြှောက်လိုတဲ့အကြောင်း ဖြေကြားကြတာနဲ့ လက်ရှိဘုရင်က ဘယ်ရောက်သွားလို့လဲလို့ မေးပြန်ပါတယ်။ ဒီအခါ အမတ်တွေက ရှင်ဘုရင်နတ်ရွာစံတာ ခုနစ်ရက်ရှိပြီ ဖြစ်ကြောင်းနဲ့ သမီးတော်တစ်ယောက်သာ ရှိတဲ့အကြောင်း ဖြေကြားလို့ နန္ဒလုလင်လဲ ရှင်ဘုရင်အဖြစ်ကို လက်ခံလိုက်ပါတယ်။ ဒီလို လက်ခံလိုက်တယ် ဆိုရင်ပဲ အမတ် တွေလဲ ချက်ချင်းဥယျာဉ်တော်တွင်း မဏ္ဍပ်ကန္နားတွေထိုး၊ မင်းသမီးကိုလဲ အလှတန်ဆာ ဆင်ယင်စေကာ ဥယျာဉ်တော်ထဲ ခေါ်လာပြီး နန္ဒလုလင်ကို အဘိသိက်ရေစင် သွန်းဖျန်းကာ ဗာရာဏသီမင်း အဖြစ် တင်မြှောက်လိုက်ပါတယ်။ အမတ်တွေက နန္ဒဘုရင် ဝတ်ဆင်ဖို့အတွက် အဖိုးတစ်သိန်းတန် ဝတ်လဲတော် ဝတ်စုံကို ထုတ်ပေးကြတဲ့အခါ ထူထဲကြမ်းတမ်းတယ်ဆိုပြီး ငြင်းပယ်လိုက်တယ်။ ဒီအခါ အမတ်တွေက လူသားတွေဝတ်တဲ့အဝတ်ထဲမှာတော့ ဒီအဝတ်ဟာ အကောင်းဆုံး အနူးညံ့ဆုံးဖြစ်ကြောင်း၊ နတ်ရွာစံသွားတဲ့ ရှင်ဘုရင်လဲ ဒီအဝတ်တွေကိုသာ ဝတ်သွားပါကြောင်း သံတော်ဦးတင်ကြတဲ့အခါ နန္ဒဘုရင်က သင်တို့ ရှင်ဘုရင်လဲ ကုသိုလ်ကံနဲတဲ့ဘုရင်ပဲ၊ ကဲ ရွှေရေကရားသာ ယူလာခဲ့ကြ၊ အဝတ်ကောင်းတွေ ရစေမယ်လို့ ပြောလိုက်တယ်။

နန္ဒဘုရင်ဟာ လက်ကို သေချာကျန စင်အောင်ဆေး၊ ပါးစပ်ကိုလဲ ဆေးကြော သန့်စင်လိုက်ပြီး လက်နဲ့ ရေကို ယူကာ အရှေ့ဘက်အရပ်မှာ ဖြန်းလိုက်တယ်။ ဒီအခါမှာ မြေကြီးကိုခွဲပြီး ပဒေသာပင် ရှစ်ပင်ပေါက်လာပါတယ်။ အလားတူ တောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက်အရပ်တွေကိုလဲ ရွှေကရားထဲကနေ ရေကို လက်နဲ့ခံယူပြီး လိုက်ဖြန်းလိုက်တာ ပဒေသာပင် ရှစ်ပင်စီ မြေကြီးထဲကနေ ပေါ်ထွက်လာပါတယ်။ ပဒေသာပင်ပေါင်း သုံးဆယ့်နှစ်ပင်ပေါ့။ နန္ဒရှင်ဘုရင်ဟာ ဒီပဒေသာပင်တွေကနေ နတ်ဝတ်တန်ဆာလို အလွန်နူးညံ့တဲ့ ဝတ်စုံတစ်စုံ ယူကာ အဝတ်စား လဲလှယ်ဝတ်ဆင်လိုက်ပြီး တိုင်းပြည်ကိုလဲ ဒီနေ့ကစပြီး အဝတ်ယက်လုပ်ဖို့ရန်အတွက် မည်သူမျှ ဗိုင်းငင်၊ ချည်ဝင့်စရာမလို။ အလိုရှိသူမှန်သမျှ ဒီပဒေသာပင်တွေက လာယူနိုင်တယ်ဆိုတဲ့အကြောင်း စည်တီးကာ ကြေညာစေပါတယ်။ သူကိုယ်တိုင်လဲ ထီးဖြူတော် ဆောင်းမိုးပြီး သေချာကျန တန်ဆာဆင်ထားတဲ့ ဆင်ဖြူတော်ထက်မှာ တက်စီးပြီး မြို့တော်ထဲဝင် နန်းတော်တက်ကာ ရှင်ဘုရင်စည်းစိမ် ခံစားနေခဲ့တယ်။

ရှင်ဘုရင်စည်းစိမ်ခံစားလို့ ကာလအတော်ကြာလာတဲ့အခါ မိဖုရားက ရှင်ဘုရင်ရဲ့ ပြည့်စုံမှုကို ကြည့်ပြီး "အော် ကုသိုလ်ကောင်းမှု အသစ်မပြုဘဲ ကုသိုလ်ကံသစ် ခေါင်းပါးနေရှာတဲ့သူပါလား"လို့ ကရုဏာသက်တဲ့ အမူအရာပုံစံကို ပြတဲ့အတွက် ဒီအကြောင်းကို ရှင်ဘုရင်က မေးပါတယ်။ ဒီအခါ မိဖုရားက "အသင်မင်းကြီးရဲ့ စည်းစိမ်းတွေက ကြီးမြတ်ပြည့်စုံပါပေတယ်၊ ရှေးဘဝတွေက ဘုရားရှင်တွေအပေါ် ယုံကြည်တဲ့သဒ္ဓါ တရားနဲ့ ပြုခဲ့တဲ့ ကုသိုလ်ကံရဲ့ အကျိုးတွေပဲဖြစ်ပါတယ်။ ခုဘဝမှာတော့ အသင်ဟာ နောင်ကောင်းကျိုးရကြောင်း ကောင်းမှုကုသိုလ်ကံ မပြုဘူး"လို့ ဖြေကြားပါတယ်။ ဒီအခါ နန္ဒဘုရင်က ဘယ်သူ့သွားလှူမလဲ၊ လှူဖို့ရာ သီလရှိတဲ့သူလဲ မရှိဘူးလို့ ပြောတဲ့အတွက် မိဖုရားက ဇမ္ဗူဒိပ်ကျွန်းမှာ ရဟန္တာမဆိတ်သုဉ်းတဲ့အကြောင်း၊ အသင်မင်းကြီးသာ ဒါနပြုဖို့ရန် စီမံထားပါ၊ ရဟန္တာရဖို့ရန်အတွက် သူအာမခံတဲ့အကြောင်း ရဲရဲတင်းတင်းပဲ ပြောလိုက်တယ်။

နောက်တစ်နေ့မှာတော့ ရှင်ဘုရင်က နန်းမြို့ရဲ့အရှေ့တံခါးမှာ လှူဖွယ်ပစ္စည်းဝတ္ထုများ စီမံ ထားလိုက်တယ်။ ဒီအခါ မိဖုရားက မနက်စောစောထ ဥပုသ်သီတင်းသီလ ဆောက်တည်ပြီး နန်းတော်ပြသာဒ် ထက်ကနေ အရှေ့အရပ်ဖက် မျက်နှာမူကာ ရင်နဲ့ဝပ်တွားပြီး အရှေ့အရပ်ဖက်မှာ ရဟန္တာအရှင်မြတ်များ ရှိပါက အလှူခံကြွဖို့ ပင့်ဖိတ်ပါတယ်။ အရှေ့အရပ်မှာ ရဟန္တာတွေ မရှိတဲ့အတွက် အဲဒီနေ့က အလှူပွဲမှာ ဆင်းရဲတဲ့ သူတွေနဲ့ တောင်းစားသူတွေကိုပဲ လှူလိုက်ရပါတယ်။ နောက်နေ့ တောင်ဖက်အရပ်၊ နောက်နေ့ အနောက်ဖက် အရပ်တွေမှာ ဒါနပွဲစီမံပြီး ရဟန္တာတွေ ပင့်တော့လဲ အဆင်မပြေခဲ့ပြန်ပါဘူး။ နောက်ဆုံး မြောက်ဖက်အရပ်မှာ ဒါနပွဲ စီမံပြီး ပင့်ဖိတ်တဲ့နေ့မှာတော့ ဟိမဝန္တာက ပစ္စေကဗုဒ္ဓါ အရှင်မြတ် ငါးရာ ကြွရောက်ပြီး အလှူခံပါတယ်။

ရှင်ဘုရင်လဲ မိဖုရားနဲ့အတူ ဝမ်းမြောက်ဝမ်းသာစွာ ခရီးဦးကြိုဆို ရှိခိုးကန်တော့ပြီး အရှင်မြတ်တွေကို ရွှေနန်းတော်သို့ ပင့်ဆောင်ကာ အလှူဒါန အကြီးအကျယ် လှူဒါန်းပြီး ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ အရှင်မြတ်တွေကို သူ့ရဲ့ဥယျာဉ်မှာ အမြဲသီတင်းသုံးဖို့နဲ့ ပစ္စည်းလေးပါးတာဝန်ယူပါကြောင်း တောင်းပန်လျှောက်ထားပါတယ်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေက လက်ခံတော်မူတဲ့အတွက် နန္ဒရှင်ဘုရင်လဲ ဥယျာဉ်တော်ထဲမှာ အရှင်

မြတ်များသီတင်းသုံးဖို့ သစ်ခက်မိုးကမ္ဘဌာန်းကျောင်းငါးရာနဲ့ စင်္ကြံ လျှောက်ဖို့ စင်္ကြံ ငါးရာစသဖြင့် စုံနေအောင် အားချင်း ဆောက်လုပ်ပြီး လှူဒါန်းပါတယ်။ နေ့စဉ်လဲ ဆွမ်းလောင်းလှူပြီး ပစ္စည်းလေးပါး လိုအပ်ရာရာ လှူဒါန်းကာ ကုသိုလ်တွေ ပြုခဲ့တယ်။

ဒီလိုနဲ့ ကာလအတန်ကြာလာတဲ့အခါ တိုင်းပြည်စွန်နား ပစ္စန္တရာဇ်အရပ်မှာ သူပုန်တွေ ထကြွပုန်ကန်တဲ့အတွက် နန္ဒရှင်ဘုရင်က သူဟာ သူပုန်တွေ နှိမ်နင်းဖို့ သွားရမှာဖြစ်ကြောင်း၊ ဒါ့ကြောင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကို ဆွမ်းဂရုစိုက်လောင်းလှူဖို့အကြောင်း မိဖုရားကြီးကို မှာကြားပြီး ပစ္စန္တရာဇ်အရပ်ကို ထွက်သွားပါတယ်။ ဒီအခါ မိဖုရားကြီးလဲ ဘုရင်ကြီးမှာတဲ့အတိုင်း ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကို နေ့စဉ် ဆွမ်းလောင်းလှူ ဂရုစိုက်နေရင်းက ရှင်ဘုရင်ကြီး စစ်တိုက်ရာကပြန်မလာခင်မှာဘဲ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ ကံတော်ကုန်လို့ ပရိနိဗ္ဗာန်စံတော်မူသွားကြတယ်။ မိဖုရားလဲ အပြင်းအထန် ငိုကြွေးမြည်တမ်းပြီး မြို့သူမြို့သားတွေနဲ့အတူ ဥယျာဉ်တော်သို့ သွားရောက်ကာ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပြီး ဈာပနကိစ္စစီမံ ဆောင်ရွက်ပြီးတဲ့အခါ ဓာတ်တော်တွေကို စေတီတည်ထားလိုက်ပါတယ်။

နန္ဒရှင်ဘုရင်လဲ သူပုန်ရန် နှိမ်နင်းအောင်မြင်ပြီး နန်းတော်ပြန်လာတဲ့အခါ ခရီးဦးထွက်ကြိုဆိုလာတဲ့ မိဖုရားကို ပစ္စေကဗုဒ္ဓါအရှင်မြတ်များကို သေချာပြုစုပါရဲ့လား၊ နေကောင်းကျန်းမာရှိကြပါရဲ့လားလို့ မေးပါတယ်။ ဒီအခါ မိဖုရားက ပစ္စေကဗုဒ္ဓါအရှင်မြတ်များ ပရိနိဗ္ဗာန်ပြုတော်မူသွားကြပြီဖြစ်ကြောင်း ဖြေကြားလို့ နန္ဒဘုရင် သိလိုက်တဲ့အခါ "ယခုလို ပညာရှိတော်မူကြတဲ့ အရှင်မြတ်ကြီးတွေသော်မှ သေခြင်းသဘော ဖြစ်ရပါပေတယ်၊ ငါတို့လိုပုဂ္ဂိုလ်များအတွက်ဆို သေခြင်းသဘောမှ ဘယ်မှာ လွတ်မြောက်နိုင်ပါ့မလဲ" လို့ ဆင်ခြင်သံဝေဂဉာဏ် ဖြစ်ပြီး မြို့တော်တွင်း မဝင်တော့ဘဲ ဥယျာဉ်တော်သွားပြီး သားကြီးကိုခေါ် ထီးနန်းလွှဲအပ်ကာ ကိုယ်တိုင် ရသေ့ရဟန်း ဝတ်လိုက်တယ်။ မိဖုရားလဲ ရှင်ဘုရင်မှ ရဟန်းပြုရင် သူလဲ ရဟန်းပြုတော့မယ်လို့ ဆုံးဖြတ်ပြီး ရသေ့ရဟန်းမ ဝတ်လိုက်တယ်။ နှစ်ဦးလုံး ရသေ့ရဟန်းဘဝနဲ့ ဈာန် အဘိညာဉ်တွေရအောင် အားထုတ်ပြီး အဲဒီဘဝကနေ စုတေကွယ်လွန်တဲ့အခါ ဗြဟ္မာ့ပြည် ရောက်ကုန်ကြပါတယ်။

(ခ) နောက်ဆုံးဘဝ ပစ္ဆိမဘဝဝတ္ထု

သူတို့နှစ်ဦးဟာ ဗြဟ္မာပြည်မှာ သက်တမ်းအတိုင်း နေခဲ့ကြပြီး အကျွန်ုပ်တို့ ဂေါတမမြတ်စွာ ဘုရားလက်ထက် ရောက်တဲ့အခါ **အရှင်မဟာကဿပ** အလောင်းက မဂဓတိုင်း မဟာတိတ္ထပုဏ္ဏားရွာက ကပိလပုဏ္ဏားသူဌေးရဲ့ သားဖြစ်လာပြီး **ပိပ္ပလိလုလင်**လို့ အမည်တွင်ခဲ့ပါတယ်။ ဘိက္ခုနီ **ရှင်မဘဒ္ဒါကာပိလာနီ**ဖြစ်လာမည့်အလောင်းအလျာက မဒ္ဒတိုင်း သာဂလမြို့က ကောသိယ ပုဏ္ဏားသူဌေး ရဲ့သမီး ဖြစ်လာပြီး **မယ်ဘဒ္ဒါ**လို့ အမည်တွင်ခဲ့ပါတယ်။ သူတို့နှစ်ဦး အရွယ်ရောက်တဲ့ အခါ ပိပ္ပလိလုလင်ရဲ့ မိဘများက ပိပ္ပလိလုလင်ကို အိမ်ထောင်ပြုဖို့ တိုက်တွန်းနားချကြတယ်။ ဒီအခါ ပိပ္ပလိလုလင်က ဗြဟ္မာ့ပြည်က လာခဲ့သူဖြစ်တဲ့အတွက် အိမ်ထောင်ပြုလိုစိတ်မရှိတာကြောင့် မိဘများ သက်ရှိ ထင်ရှားရှိသ၍ ပြုစုလုပ်ကျွေးမှာ ဖြစ်ကြောင်းနဲ့ မိဘများ မရှိတဲ့နောက်ပိုင်းမှာတော့ သာသနာ့ဘောင်ဝင်ပြီး ရဟန်းဝတ်မှာ ဖြစ်တဲ့အကြောင်း

ပြောပြီး ငြင်းပယ်ပါတယ်။ နောက်အတော်လေးကြာပြန်တော့ တစ်ခါ မိဘများက အိမ်ထောင်ပြုဖို့ရန် နားချပြန်တော့လဲ ရှေ့တုန်းကလိုပဲ လက်မခံပါဘူး။ ဒါပေမဲ့ ပိပ္ပလိလုလင်ရဲ့ အမေက သူ့သားကို အိမ်ထောင်ပြုဖို့ အခွင့်ကြုံတိုင်း မပြတ်ပြောနေတော့တာပါပဲ။ အဲဒီလို ခဏခဏ ပြောဆို တိုက်တွန်းနေတော့ ပိပ္ပလိလုလင်လဲ သူ့အမေကို သူရဟန်းပြုမည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိစေဖို့ဆိုပြီး ရွှေပန်းတိမ် ဆရာတွေကို ရွှေစင်အစစ်ပေးပြီး လူအစစ်နဲ့ချွတ်စွပ်တူတဲ့ ချောမောလှပတဲ့ မိန်းမရုပ် သွန်းခိုင်းလိုက်တယ်၊ ပြီးတဲ့အခါ အဝတ်စားလှလှလေးတွေ ဝတ်ဆင်၊ ပန်းတွေပန်၊ လက်ဝတ်ရတနာတွေ ဆင်မြန်းပြီး သူ့အမေကို "ဒီရွှေစင်ရုပ်လို လှပတဲ့ မိန်းမရရင် သူအိမ်ထောင်ပြုမယ်၊ မရရင်တော့ မပြုတော့ဘူး" လို့ အရေးဆိုပါတော့တယ်။

မိခင်သူဌေးကတော်လဲ လိမ္မာပါးနပ်သူပီပီ သူ့သားဟာ ဘုန်းကံရှိသူဖြစ်တယ်၊ ဘုန်းကံရှိတဲ့သူတွေဟာ ပါရမီဖြည့်စဉ်က တစ်ဦးထဲ ဖြည့်မှာမဟုတ်၊ ဒီရွှေစင်ရုပ်လို လှပတဲ့ပါရမီဖြည့်ဖက်တော့ ရှိမှာအမှန်ပဲလို့ စဉ်းစားပြီး ပုဏ္ဏားပညာရှိ ရှစ်ယောက်ကို ပူဇော်လက်ဆောင်ပဏ္ဏာတွေ ပေးပြီး ရွှေစင်ရုပ်တုကို လှည်းပေါ်တင်ခိုင်းကာ ရွှေစင်ရုပ်တုနဲ့ တူတဲ့အမျိုးသမီးကို ရှာခိုင်းပါတယ်။ သူတို့နဲ့ မျိုးနွယ် စည်းစိမ်တူတဲ့ အမျိုးသမီးသာ ဖြစ်ခဲ့ရင် ဒီရွှေစင်ရုပ်ကို ကတိခံဝန်လက်ဆောင်အဖြစ်ပေးပြီး ပြန်လာဖို့လဲ မှာလိုက်တယ်။ ပုဏ္ဏားတော်ရှစ်ယောက်တို့လဲ မဒ္ဒတိုင်းဆိုတာ မိန်းမချောမိန်းမလှတွေ ပေါများတဲ့တိုင်းဖြစ်တယ်၊ မဒ္ဒတိုင်း သွားရှာကြစို့လို့ တိုင်ပင်ကြပြီး မဒ္ဒတိုင်း၊ သာဂလမြို့ဆီ ထွက်ခဲ့ကြတယ်။ သာဂလမြို့ရောက်တဲ့အခါ စည်ကားတဲ့ရေချိုးဆိပ်နားမှာ ရွှေစင်ရုပ်ကို ချထားပြီး မလှမ်းမကမ်း တစ်နေရာကနေ အကဲခတ်နေကြတယ်။

ဒီအခါ မယ်ဘဒ္ဒါရဲ့ အထိန်းတော်ကြီးဟာ မယ်ဘဒ္ဒါကို သေချာရေမိုးချိုး၊ ဖီးလိမ်းပြင်ဆင်ပေးပြီး အိမ်တော်မှာထားခဲ့ကာ သူကတော့ ရေချိုးဆိပ်မှာ ရေးချိုးဖို့ ရေချိုးဆိပ်ကို ထွက်လာခဲ့တယ်။ ရေဆိပ်ရောက်တော့ ရွှေစင်ရုပ်ကို နောက်ကနေ မြင်လိုက်တာနဲ့ သူ့သခင်မ ထင်ပြီး ဘယ်နှယ့်သခင်မက ဒီကို ရောက်နှင့်နေတာပါလိမ့်ဆိုပြီး ကျောဖက်ကို လှမ်းကိုင်လိုက်တဲ့ အခါ သခင်မမဟုတ်ဘဲ ရွှေစင်ရုပ်မှန်းသိသွားပြီး "အော်... ငါက ငါ့သခင်မလို့ ထင်လိုက်တာ၊ ခု သေချာကြည့်တော့ ငါ့သခင်မရဲ့ နောက်လိုက်ထမိန်ကိုင်သူ အဆင့်လောက်တောင် မရှိတဲ့ ရွှေစင်ရုပ်ပါလား" လို့ နှုတ်က ပြောလိုက်တယ်။

ဒီအခါ ပုဏ္ဏားတော်တွေဟာ အထိန်းတော်နား သွားပြီး "သင့်သခင်မက ဒီရွှေစင်ရုပ်လို တင့်တယ် လှပပါသလား" မေးကြတယ်။ အထိန်းတော်က သူ့သခင်မဟာ ဒီရွှေစင်ရုပ်ထက် အဆတစ်ရာ အဆတစ်ထောင်မက ပိုလှတဲ့အကြောင်းနဲ့ ဆယ့်နှစ်တောင်ကျယ်တဲ့ တိုက်ခန်းထဲမှာ မီးထွန်းစရာမလိုဘဲ လင်းထိန်နေကြောင်း ပြန်လည် ပြောဆိုပါတယ်။ ဒါနဲ့ ပုဏ္ဏားတော်တွေဟာ အထိန်းတော်ကြီးနောက် လိုက်သွားပြီး မယ်ဘဒ္ဒါရဲ့ မိဘတွေနဲ့ သွားတွေ့ပါတယ်။ မယ်ဘဒ္ဒါရဲ့ ဖခင် ကောသိယပုဏ္ဏားသူဌေးက ဧည့်သည်ပုဏ္ဏားတွေကို လာရင်း အကြောင်းမေးမြန်းပြီး အကျိုးအကြောင်းသိရတဲ့အခါ ပိပ္ပလိလုလင်ရဲ့ ဖခင် ကပိလပုဏ္ဏားသူဌေးနဲ့ သူတို့ဟာ မျိုးနွယ်တူ ဂုဏ်ရည်တူတွေ ဖြစ်တာကြောင့် သူတို့သမီး မယ်ဘဒ္ဒါကို ပိပ္ပလိလုလင်အတွက် သတို့သမီးအဖြစ် ပေးပါမယ်လို့ ကတိစကားပြောကြားပြီး အဲဒီရွှေစင်ရုပ်တုကို အာမခံလက်ဆောင်အဖြစ် လက်ခံလိုက်ပါတယ်။

ပုဏ္ဏားတော်ရှစ်ယောက်လဲ ပိပ္ပလိလုလင်ရဲ့ ဖခင် ကပိလပုဏ္ဏားသူဌေးဆီ သတို့သမီးရပြီဖြစ်တဲ့ အကြောင်းနဲ့ ဆောင်ရွက်စီမံစရာကိစ္စများကိုသာ စီမံဆောင်ရွက်ပါတော့လို့ ဝမ်းသာအားရ သတင်းစကား ပို့လိုက်ကြတယ်။

သတို့သမီးရပြီဆိုတဲ့ ဒီသတင်းက ပိပ္ပလိလုလင်ဆီ ရောက်သွားတဲ့အခါ ပိပ္ပလိလုလင်က "အော် ငါက မဖြစ်နိုင်ဘူးလို့ ထင်နေမိတာ၊ ခုတော့ သတို့သမီး ရလာပြီဆိုပါလား၊ အိမ်ထောင်မပြုလိုတဲ့ အကြောင်း မယ်ဘဒ္ဒါ သိအောင် စာရေးပို့ဦးမှပဲ" လို့ တွေးကြံပြီး မယ်ဘဒ္ဒါအနေနဲ့ မိမိနဲ့မျိုးနွယ်ဂုဏ်ရည်တူတဲ့ အခြားသင့်တော်သူ တစ်ယောက်ယောက်နဲ့ လက်ထပ်သင့်ကြောင်း၊ သူကတော့ မိဘများမရှိတော့တဲ့အခါ ရဟန်းပြုမှာ ဖြစ်ကြောင်း၊ နောင်မှ စိတ်မကောင်းမဖြစ်စေလိုကြောင်း စာရေးပြီး မယ်ဘဒ္ဒါဆီကို လူယုံတော် တစ်ယောက်နဲ့ စာပို့ခိုင်း လိုက်ပါတယ်။ မယ်ဘဒ္ဒါလဲ သူ့မိဘတွေက သူဌေးသား ပိပ္ပလိလုလင်နဲ့ အိမ်ထောင် ချပေးတော့မှာ ဖြစ်တဲ့အကြောင်း သိလိုက်တယ်ဆိုရင်ပဲ ပိပ္ပလိလုလင်ရေးတဲ့ စာလိုမျိုး စာတစ်စောင်ရေးပြီး လူယုံတော်နဲ့ ပိပ္ပလိလုလင်ဆီ စာပို့ခိုင်းလိုက်ပါတယ်။

ဒီစာသဝဏ်လွှာတွေ ယူလာတဲ့ လူနှစ်ယောက် လမ်းခရီးမှာ ဆုံမိကြလို့ စကားစပ်မိကြတဲ့အခါ သတို့သားနဲ့ သတို့သမီးတို့ အပြန်အလှန် ရေးပို့ခိုင်းတဲ့စာတွေမှန်းသိကြပြီး နှစ်ဦးသဘောတူတိုင်ပင်ကာ စာတွေ ဖောက်ဖတ်ကြတယ်။ ဒီအခါ လူယုံတော်တွေဟာ သတို့သားနဲ့ သတိုးသမီးကို ရစေချင်ကြတာနဲ့ သံဝေဂဖြစ်တဲ့စာတွေကို ဆုတ်ဖြဲလွှတ်ပစ်လိုက်ပြီး မြတ်နိုးနှစ်သက် သဘောကျကြောင်းစာတွေအဖြစ် ပြင်ဆင် ရေးသားလိုက်ကြပြီး သဝဏ်လွှာတွေကို သတို့သားနဲ့ သတို့သမီးတွေထံ အသီးသီး ပို့လိုက်ကြတယ်။ ဒီလိုနဲ့ ပိပ္ပလိလုလင်နဲ့ မယ်ဘဒ္ဒါတို့ဟာ အိမ်ထောင်ပြုလိုတဲ့ ဆန္ဒမရှိဘဲ အိမ်ထောင်သည်ဘဝ ရောက်ခဲ့ကြတယ်။

ထိမ်းမြားပြီးတဲ့နေ့မှာပဲ သူတို့နှစ်ယောက်ဟာ ပန်းကုံးတစ်ကုံးစီ ယူလာပြီး အိပ်ရာအလယ်မှာ ချထား လိုက်ကြတယ်။ ညစာစားပြီးလို့ အိပ်ကြတော့မယ်ဆိုရင်ပဲ ပိပ္ပလိသူဌေးသားက ကုတင်ရဲ့ ညာဖက်ခြမ်းမှာ နေရာယူကာ ဘဒ္ဒါသူဌေးသမီးက ဘယ်ဖက်ခြမ်းမှာ နေရာယူလိုက်ကြပြီး နှစ်ယောက်အလယ်မှာ ချထားတဲ့ ပန်းကုံးနှစ်ကုံးအနက်က ပန်းကုံးညှိုးတဲ့ဖက်ကသူဟာ ရာဂစိတ်ဖြစ်သူလို့ မှတ်ယူကြစတမ်း၊ ပန်းကုံးတွေကို ဘယ်သူမှ မထိစတမ်းလို့ ကတိစကား ပြောထားကြတယ်။ သူတို့နှစ်ဦးလုံး တစ်ယောက်ကို တစ်ယောက် ထိမှာ ကြောက်တဲ့စိတ်နဲ့ အိပ်တာ တစ်ညလုံး အိပ်မပျော်ကြပဲ မိုးလင်းခဲ့ကြတယ်။ ဘယ်သူ့ဖက်က ပန်းကုံးမှလဲ မညှိုး ခဲ့ကြပါဘူး။ နေ့ဖက်မှာလဲ တပ်မက် သာယာတဲ့စိတ်ထားမျိုးနဲ့ ပြုံးတာရယ်တာတောင် မရှိဘဲ မောင်ရင်းနှမလို ဖြူစင်တဲ့စိတ်ထားနဲ့ နေခဲ့ကြတယ်။ သူတို့နှစ်ယောက်ဟာ မိဘတွေ သက်ရှိထင်ရှားရှိနေတဲ့ အခါမှာ လယ်ယာကိုင်းကျွန်း ကိစ္စတွေကို စီမံဆောင်ရွက်စရာ မလိုဘဲ အေးအေးသာသာ နေခဲ့ကြပြီး မိဘများ မရှိတော့တဲ့နောက်ပိုင်းကျမှ လယ်ယာလုပ်ငန်းဆောင်တာတွေ ကွပ်ကဲစီမံ ဆောင်ရွက်ရတော့တယ်။

သူဌေးနဲ့ သူဌေးကတော်တို့ သံဝေဂဖြစ်ကြပုံ

ပိပ္ပလိသူဌေးဟာ တစ်နေ့မှာ မြင်းစီးပြီး လယ်ယာလုပ်ငန်းခွင် လှည့်ပတ်ကြည့်ရှုတဲ့အခါ လယ်ထွန်ရေးခဲ တွေ ကြားထဲက ပိုးကောင်လေးတွေကို ကျီးငှက်တွေက ထိုးသုတ်စားသောက်နေတာကို မြင်လိုက်ပါတယ်။

ဒီအခါ အလုပ်သမားတွေကို ဒီကျီးငှက်တွေပြတဲ့ ပါဏာတိပါတ မကောင်းမှုအကုသိုလ်ကံဟာ ဘယ်သူ့ အကုသိုလ်ကံ ဖြစ်မလဲဆိုတာ မေးတဲ့အခါ အလုပ်သမားတွေက သူဌေးအတွက် လယ်ထွန်ကြတာဖြစ်လို့ ဒီအကုသိုလ်ကံက သူဌေးနဲ့ပဲ ဆိုင်ပါတယ်လို့ ပြန်ဖြေကြတယ်။ ဒီအခါ ပိပ္ပလိသူဌေး သံဝေဂဖြစ်ကာ "ဒီကျီးငှက် တွေပြတဲ့ အကုသိုလ်ကံက တကယ်လို့ ငါ့အကုသိုလ်ကံဖြစ်ခဲ့ရင် ငါပိုင်တဲ့ ရွှေတွေ၊ ငွေတွေ၊ လယ်ယာ ဆည်မြောင်းတွေက ဘာတတ်နိုင်မလဲ၊ ဒါတွေဟာ ဘာအကျိုးရှိတုန်း၊ ဒီတော့ ငါပိုင်တဲ့ စည်းစိမ် ဥစ္စာတွေကို ဘဒ္ဒါသူဌေးကတော်ကို ပေးခဲ့ပြီး တောထွက်ရဟန်းပြုတော့မယ်" လို့ လေးလေးနက်နက်စဉ်းစားပြီး ဆုံးဖြတ် လိုက်တယ်။

ဘဒ္ဒါသူဌေးကတော်လဲ အဲဒီနေ့မှာပဲ နှမ်းတွေပိုးထိုးနေလို့ အလုပ်သမတွေကို အိမ်ဝိုင်းအတွင်း ဖျားခင်းပြီး နေပူလှန်းခိုင်းတဲ့အခါ ကျီးငှက်တွေက နှမ်းပိုးတွေကို ထိုးဆွစားသောက်နေတာကို တွေ့ပါတယ်။ အဲဒီအခါ အလုပ်သမတွေကို ဒီကျီးငှက်တွေရဲ့ ပါဏာတိပါတအကုသိုလ်ကံတွေက ဘယ်သူ့အကုသိုလ်ကံ ဖြစ်မလဲ လို့ မေးပါတယ်။ အလုပ်သမတွေက အရှင်မအတွက် လုပ်ရတာဖြစ်လို့ အရှင်မရဲ့ အကုသိုလ် ဖြစ်ပါတယ်လို့ ဖြေကြတော့ သူဌေးကတော်လဲ "အော် ငါအဖို့ရာ ဝတ်ဖို့ဆိုရင် လေးတောင်လောက်အဝတ်ဆိုရင် ရပြီ၊ တစ်ခါဝတ် ရင် လေးတောင်ထက်လဲ ပိုမဝတ်နိုင်ပါဘူး၊ စားဖို့ဆိုရင်လဲ တကွမ်းစားတခွက်ချက်လောက်ဆို မျှတပါပြီ၊ ဒီ့ထက်လဲ ပိုမစားနိုင်ပါဘူး၊ တကယ်လို့ ဒီကျီးငှက်တွေပြတဲ့ အကုသိုလ်ကံက ငါ့အကုသိုလ်ကံသာ ဖြစ်ခဲ့ရင် ငါဟာ ကေန်မုချ ဘဝတစ်ထောင်နဲ့လဲ သံသရာဝဋ္ဋဒုက္ခကနေ ဦးခေါင်းထောင်နိုင်မှာ မဟုတ်တော့ဘူး၊ သူဌေး ရောက်လာရင် ရှိသမျှစည်းစိမ်ဥစ္စာတွေကို သူဌေးထံပဲ အပ်နှင်းခဲ့ပြီး တောထွက်ကာ ရဟန်းမ- ပြုတော့မယ်"လို့ ဆင်ခြင်စဉ်းစားကာ ဆုံးဖြတ်လိုက်တယ်။

ပါရမီရှင်နှစ်ဦး ရဟန်းပြုကြပုံ

ပိပ္ပလိသူဌေး လယ်တောက ပြန်ရောက်လာလို့ ရေချိုးပြီးတဲ့အခါ သူဌေးနဲ့ သူဌေးကတော်တို့ ညနေစာ စားကြတယ်။ အဲဒီနောက် အလုပ်သမားတွေလဲ ပြန်သွားကြလို့ နှစ်ဦးထဲ အေးအေးဆေးဆေး ရှိတဲ့အခါ သူဌေးက သူတို့နှစ်ဦးပိုင်တဲ့ပစ္စည်းဥစ္စာတွေ အားလုံးကို သူဌေးကတော်ကို အပ်နှံကြောင်းနဲ့ သူရဟန်းပြုတော့ မယ်ဆိုတဲ့အကြောင်း ပြောပါတယ်။ ဒီအခါ သူဌေးကတော်ကလဲ သူဌေးပြန်အလာကို စောင့်နေတာဖြစ်ကြောင်း၊ အကျွန်ုပ်လဲ ရှင်ရဟန်းမ ပြုမှာဖြစ်ကြောင်း တိုင်ပင်ပြောဆိုပါတယ်။ ပါရမီရှင် နှစ်ဦးလုံးအတွက်တော့ သူတို့ပိုင်တဲ့ ပစ္စည်းဥစ္စာတွေကို မဆိုထားနဲ့ ကာမဘုံ၊ ရူပဘုံ၊ အရူပ ဘုံဆိုတဲ့ ဘဝသုံးပါးလုံးကိုတောင် အလျံတပြောင်ပြောင် မီးတောက်လောင်နေတဲ့ လယ်တဲအိမ်လို သံဝေဂဉာဏ်တွေ ထင်နေတော့တာပါ။ ပါရမီရှင်နှစ်ဦးလုံးဟာ ဈေးထဲကနေ သင်္ကန်း၊ သပိတ်ပရိက္ခရာတွေ ဝယ်ယူခိုင်းပြီး တစ်ဦး ခေါင်းကို တစ်ဦးက အပြန်အလှန် ဆံရိတ်ပယ်ပေးကာ ရဟန္တာပုဂ္ဂိုလ်တွေကို ရည်စူးပြီး ရဟန်းဝတ်လိုက်ကြတယ်။ ဒီ့နောက် သပိတ်ကို ပခုံးမှာလွယ်ပြီး ပြသာဒ်ပေါ်ကနေ ဆင်းလာတဲ့အခါ အိမ်မှာရှိတဲ့ ကျွန်တွေ၊ အလုပ် သမားတွေ တစ်ယောက်မှ သူတို့ကို မမှတ်မိကြပါဘူး။

အဲဒီနောက် မဟာတိတ္ထပုဏ္ဏားရွာကနေ ထွက်လာခဲ့တဲ့အခါ နယ်မှာရှိတဲ့ ကျွန်အလုပ်သမားတွေနေတဲ့ ရွာကို ဖြတ်သွားတယ်ဆိုရင်ပဲ အဲဒီရွာမှာရှိနေတဲ့ ကျွန်တွေ အလုပ်သမားတွေက ပါရမီရှင်နှစ်ပါးကို ကြည့်ပြီး သူတို့ရဲ့ အရှင်သခင်တွေမှန်း သိကြတဲ့အခါ သူတို့ကို အားကိုးရာမဲ့အောင် မလုပ်ဖို့ ငိုယိုပြီး ခြေထောက်ဖက် တောင်းပန်ကြတယ်။ ဒီအခါ ပါရမီရှင် နှစ်ပါးတို့လည်း ငါတို့ဟာ ဘ၀သုံးပါးကို မီးတဟုန်းဟုန်းတောက်လောင် နေတဲ့ သစ်ရွက်မိုးတဲပမာ သံဝေဂဉာဏ်ထင်ပြီး ရဟန်းပြုခဲ့ကြတဲ့အကြောင်းနဲ့ သင်တို့လဲ တစ်ဦးခေါင်း တစ်ဦး ဆေးလျော်ပြီး ကျွန်အဖြစ်မှ ကင်းလွတ်အောင်ပြုကာ အသက်မွေးကြဖို့ ပြောဆိုပြီး ကျေးကျွန်တွေ အလုပ် သမားတွေငိုကြွေး မြည်တမ်းနေကြတုန်းမှာပဲ ဆက်ပြီး ထွက်လာခဲ့ကြတယ်။

ပါရမီရှင် နှစ်ပါး လမ်းခွဲကြပုံ

ပိပ္ပလိမထေရ်ဟာ ရှေ့ကနေ ကြွနေရင်း နောက်ပြန်လှည့်ကြည့်ပြီး "ဇမ္ဗူဒိပ်တစ်ကျွန်းလုံး တန်ဖိုးနှန်း ထိုက်တန်တဲ့ မိန်းမလှ ဘဒ္ဒါထေရီမ ငါ့နောက်ကနေ လိုက်ပါနေတယ်၊ 'ဒီပုဂ္ဂိုလ်နှစ်ယောက်ဟာ ရဟန်းဖြစ်တာ တောင်မှ တစ်ယောက်ကို တစ်ယောက်မခွဲနိုင်ပါလား၊ ရဟန်းတွေနဲ့ မလျော်ကန်တာကို လုပ်နေကြတာပဲ' လို့ တစ်ယောက်ယောက်က အထင်မှားမယ်ဆိုရင်လဲ မှားနိုင်စရာရှိတယ်၊ ဒါ့အပြင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ငါတို့အပေါ် စိတ်ပြစ်မှားပြီး အပါယ်ရောက်မယ်ဆိုလဲ ရောက်နိုင်စရာရှိတယ်၊ ဒါ့ကြောင့် ငါဟာ ဘဒ္ဒါထေရီမကို စွန့်ခွာပြီး သွားမှ သင့်တော်ပေမယ်" လို့ ဆင်ခြင်စဉ်းစားပါတယ်။

မထေရ်မြတ်ဟာ ရှေ့ကနေ ကြွရင်းက လမ်းနှစ်မွာကို တွေ့တဲ့အခါ လမ်းနှစ်ခွထိပ်မှာ ရပ်နေ လိုက်တယ်၊ ဘဒ္ဒါထေရီမလဲ နောက်ကနေ လိုက် လာပြီး မထေရ်ကို ရှိခိုးကန်တော့ကာ ရပ်နေလိုက်ပါ တယ်။ ဒီအခါ မထေရ်မြတ်က "အို ဘဒ္ဒါထေရီမ... သင်လို မိန်းမလှတစ်ယောက် ငါ့နောက်ကနေ လိုက်ပါနေတာကို မြင်ပြီး 'အော် ဒီပုဂ္ဂိုလ်တွေနယ် ရဟန်းဖြစ်နေတာ တောင်မှ တစ်ယောက်နဲ့တစ်ယောက် မခွဲနိုင်မခွါနိုင် ဖြစ်နေကြပါလား' လို့ အတွေးအကြံမှားကာ စိတ်ပြစ်မှားမိတဲ့ပုဂ္ဂိုလ်အဖို့ရာ အပါယ်လေးပါးကျပြီး ဒုက္ခရောက် နိုင်တယ်၊ ဒါ့ကြောင့် ခုတွေ့နေရတဲ့ ရှေ့က လမ်းနှစ်မွာမှာ သင်ကြိုက်ရာ တစ်လမ်းကို ရွေးပါ၊ ကျန်တစ်လမ်းနဲ့ ငါသွားပါမယ်"လို့ မိန့်တော်မူပါတယ်။

ဘဒ္ဒါထေရီမလည်း "အော် ဟုတ်ပေသားပဲ၊ အမျိုးသမီးမာတုဂါမဆိုတာ ရှင်ရဟန်းများအတွက်တော့ အညစ်အကြေး ဖြစ်ပါပေတယ်၊ ရဟန်းဖြစ်လို့တောင် မခွဲခွါနိုင်ကြဘူးလို့လဲ အကျွန်ုပ်တို့အပေါ် လူတွေက အပြစ် တင်ကြလိမ့်မယ်"လို့ ပြောဆိုပြီး သုံးကြိမ်သုံးခါ လက်ယာရစ် လှည့်ပြီး၊ လေးဖက်လေးတန်ကနေ ထိခြင်းငါးပါးနဲ့ ရှိသေစွာ ကန်တော့ပြီးနောက် လက်အုပ်ချီကာ "လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းအထက်က ပြုခဲ့ကြတဲ့ အဆွေခင်ပွန်း အဖြစ် ချစ်ကျွမ်းဝင်မှုဟာ ယနေ့ ပြတ်စဲပါပြီဘုရား၊ အရှင်မြတ်တို့က လက်ယာဇာတ်ရှိသူများဖြစ်တဲ့အတွက် လက်ယာလမ်းက အရှင်မြတ်တို့အတွက် သင့်လျော်ပါတယ်၊ တပည့်တော်တို့ မာတုဂါမများအဖို့တော့ လက်ဝဲ ဇာတ်ရှိသူများဖြစ်တဲ့အတွက် လက်ဝဲလမ်းခရီးက တပည့်တော်တို့အတွက် သင့်လျော်ပါတယ်ဘုရား" လို့ ပြောဆိုရှိခိုးပြီး လက်ဝဲလမ်းဖက်အတိုင်း သွားခဲ့ရှာပါတယ်။ ယခုလို ပါရမီရှင်နှစ်ဦးတို့ တစ်လမ်းစီ ခွဲထွက်ကာ

သွားကြတဲ့အခါ မဟာပထဝီမြေကြီးက "ငါဟာ စကြဝဠာတောင်၊ မြင်းမိုရ်တောင်တွေကို ဆောင်ထားနိုင်ပေမဲ့ ဒီအရှင်မြတ်နှစ်ပါးတို့ရဲ့ ဂုဏ်ကျေးဇူးကိုတော့ ဆောင်ထားဖို့တောင် မစွမ်းနိုင်ပါတကား"လို့ နှုတ်မြွက်ပြောဆိုတဲ့ အလား ပဲ့တင်သံကြီး မြည်ဟီးကာ အကြီးအကျယ် တုန်လှုပ်ခဲ့ပါတယ်။ ကောင်းကင်မှာလဲ မိုးကြိုးတွေ ထစ်ချုန်းသလို အသံတွေ မြည်ဟီးသွားပြီး စကြဝဠာတောင်၊ မြင်းမိုရ်တောင်တွေလဲ အထက်ကို မြင့်တက်လာကြ တယ်။

မြတ်စွာဘုရားနှင့် မထေရ်မြတ်တို့ တွေ့ဆုံကြပုံ

ပါရမီရှင်နှစ်ဦးတို့ လမ်းခွဲထွက်လာတဲ့အချိန်ဟာ မြတ်စွာဘုရား ပထမဝါကျွတ်ပြီးလို့ ရာဇဂြိုဟ်ရောက် ကာ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့ အချိန်ဖြစ်ပါတယ်။ မြတ်စွာဘုရား ဂန္ဓကုဋီကျောင်းဆောင် တော်မှာ သီတင်းသုံးထိုင်နေတော်မူတုန်း မဟာပထဝီမြေလှုပ်သံကို ကြားရတဲ့အတွက် အကြောင်းရင်းကို ဆင်ခြင်လိုက်တဲ့အခါ "ပိပ္ပလိလုလင်နဲ့ ဘဒ္ဒါ ကာပိလာနီအမျိုးသမီးတို့ ငါဘုရားကို ရည်စူးပြီး မရေမတွက်နိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို ပယ်စွန့်ကာ ရဟန်းပြုလာကြတယ်၊ သူတို့နှစ်ဦး လမ်းခွဲရာမှာ နှစ်ဦးလုံးရဲ့ ဂုဏ်ကျေးဇူး အရှိန်ကြောင့် မြေတုန်လှုပ်တာပါလား၊ ငါဘုရားလဲ သူတို့နှစ်ဦးကို ချီးမြှောက်မှ တော်မယ်" လို့ ကြံတွေးတော် မူကာ သပိတ်သင်္ကန်းကို ယူပြီး ဂန္ဓကုဋီကျောင်းတော်ကနေ တစ်ပါးထဲ ထွက်တော်မူခဲ့ပါတယ်။ သုံးဂါဝုတ်ခရီး ရှိတဲ့ ရာဇဂြိုဟ်နဲ့ နာဠန္ဒာမြို့ကြားက ဗဟုပုတ္တကအမည်ရတဲ့ ညောင်ပင်ရင်းမှာ တင်ပလ္လင်ခွေ ထိုင်နေတော် မူပါတယ်။ အဲဒီလို ထိုင်တော်မူနေတဲ့အခါ သာမန်ရဟန်းတစ်ပါးအသွင်နဲ့ ထိုင်နေတာမဟုတ်ဘဲ ဘုရားအသွင်နဲ့ ရောင်ခြည်တော်တွေလွှတ်ပြီး ထိုင်တော်မူနေတာပါ။

အရှင်မဟာကဿပမထေရ်ဟာ မြတ်စွာဘုရားကို မြင်တွေ့လိုက်ရရင်ပဲ "ဒီအရှင်မြတ်ဟာ ငါရဲ့ဆရာ မြတ်စွာဘုရား ဖြစ်လိမ့်မယ်၊ ငါဟာ ဒီဘုရားမြတ်စွာကို ရည်စူးပြီး ရဟန်းပြုခဲ့တာဖြစ်တယ်"လို့ တွေးတော ကြံစည်ကာ မြတ်စွာဘုရားကို မြင်တွေ့လိုက်ရတဲ့နေရာကစပြီး ခန္ဓာကိုယ်လေးညွှတ်ကာညွှတ်ကာ သွားရောက် ပြီး နေရာသုံးနေရာကနေ မြတ်စွာဘုရားကို ရှိခိုးဦးချကန်တော့ရင်း "အရှင်ဘုရား... အရှင်ဘုရားဟာ တပည့်တော်ရဲ့ ဆရာပါဘုရား၊ တပည့်တော်က အရှင်ဘုရားရဲ့ တပည့်ပါဘုရား"လို့ သုံးကြိမ်သုံးခါ နှုတ်ကထုတ် ဖော်ပြီး တပည့်အဖြစ်ခံယူလိုက်ပါတယ်။

ဘုရားရှင်၏ ဩဝါဒစကား သုံးခွန်း

ဒီအခါမှာ မြတ်စွာဘုရားရှင်က အရှင်မြတ်ကို "ချစ်သားကဿပ...သင်ချစ်သား ယခုလို ငါဘုရားကို အလွန်ရိုသေကိုင်းရှိုင်းတဲ့ အမူမျိုးကို တကယ်လို့ မဟာပထဝီမြေကြီးကို ပြုလုပ်ခဲ့မယ်ဆိုရင် ဒီမဟာပထဝီ မြေကြီးက သင့်ရဲ့ ဒီအလွန်ရိုသေကိုင်းရှိုင်းမှုကို ဆောင်ထားနိုင်မှာ မဟုတ်ဘူး၊ ရှေးဘုရားရှင်တွေလို လာခြင်း ကောင်းတဲ့ မြတ်စွာဘုရားရဲ့ ကြီးမြတ်တဲ့ဂုဏ်တွေကို သိတဲ့သင်ချစ်သားက ယခုပြုတဲ့ အလွန်ရိုသေကိုင်းရှိုင်းမှု ဟာ ငါဘုရားရဲ့ မွေးညှင်းတစ်ပင်ကိုတောင် လှုပ်စေဖို့ရာ မစွမ်းနိုင်ပါ၊ ချစ်သားကဿပ... ထိုင်ပါ၊ သင့်ကို ငါဘုရား အမွေပေးမယ်" လို့ မိန့်တော်မူပါတယ်။

(၁) ချစ်သားကဿပ...သင် ခုလို တပည့်ခံလိုတယ်ဆိုရင် ဒီသာသနာတော်မှာ "ငါဟာ သီတင်းကြီး၊ သီတင်းငယ်၊ သီတင်းလတ်ပုဂ္ဂိုလ်တွေအပေါ် ဟိရီ ဩတ္တပ္ပကို ရှေးရှုဖြစ်စေမယ်"လို ကျင့်ရမယ်။

(၂) ချစ်သားကဿပ...သင် ခုလို တပည့်ခံလိုတယ်ဆိုရင် ဒီသာသနာတော်မှာ "ငါဟာ ကုသိုလ်နဲ့စပ်တဲ့ တရားအားလုံးကို နာမယ်၊ နာတော့လဲ လိုလိုချင်ချင်နာမယ်၊ စိတ်နှလုံးမှာ ထားပြီးနာမယ်၊ စိတ်ကို နှဲနဲမှ အပြင်ထွက်ခွင့်မပေးဘဲ အလုံးစုံသောစိတ်နဲ့ ကောင်းမွန်စွာဆောင်ပြီး နာမယ်၊ နားစိုက်ပြီး နာမယ်"လို့ ကျင့်ရမယ်။

(၃) ချစ်သားကဿပ....သင် ခုလို တပည့်ခံလိုတယ်ဆိုရင် ဒီသာသနာတော်မှာ "သာယာဖွယ်သုခဝေဒနာနဲ့ တကွဖြစ်တဲ့ ကာယဂတာသတိဟာ ငါ့ကို မစွန့်စေအံ့"လို့ ကျင့်ရမယ်။

ယခုလို မြတ်စွာဘုရားရှင်က အရှင်မဟာကဿပအား ဩဝါဒစကား သုံးခွန်း မိန့်ကြားလိုက်ပါတယ်။ ပထမဩဝါဒရဲ့ ဆိုလိုရင်းကတော့ သာသနာတော်မှာ ထေရ၊ နဝ၊ မဇ္ဈိမလို့ခေါ်တဲ့ ကိုယ့်ထက်သိက္ခာကြီးတဲ့ ပုဂ္ဂိုလ်၊ သိက္ခာငယ်တဲ့ပုဂ္ဂိုလ်နဲ့ သိက္ခာတူပုဂ္ဂိုလ်တွေဖြစ်တဲ့ သီတင်းသုံးဖော်တွေအပေါ် အလွန်ထက်သန်တဲ့ ဟိရီနဲ့ ဩတ္တပ္ပကို အရင်လက်ဦး ဖြစ်စေရမယ် ထားရှိရမယ်လို့ ဆိုလိုတာပါ။ ဒါကတော့ အရှင်မြတ်က ဗြာဟ္မဏဇာတ်မှာဖြစ်ခဲ့တဲ့အတွက် ဇာတိမာန်တက်တတ်လို့ ဇာတိမာန်မမောက်ဘဲ ရိုသေကိုင်းရှိုင်းဖို့ ဆုံးမတော်မူလိုရင်းပါ။

ဒုတိယ ဩဝါဒရဲ့ ဆိုလိုရင်းက အပြစ်ကင်းတဲ့ တရားနာတဲ့အခါ စိတ်မပျံ့လွင့်စေဘဲ အစ၊ အလယ်၊ အဆုံး သုံးဌာနလုံးမှာ ပကတိနား၊ ပညာနား နှစ်မျိုးလုံး စိုက်ပြီး ရိုရိုသေသေ တရားနာရမယ်လို့ ဆိုလိုတာပါ။ ဒါကလဲ အရှင်မြတ်က အကြားအမြင်ဗဟုသုတများသူဖြစ်တာမို့ ဒါကိုအကြောင်းပြုပြီး ပညာမာန်ခံနေမှာ စိုးတဲ့အတွက် ဆုံးမတာ ဖြစ်ပါတယ်။

နောက်ဆုံးဩဝါဒရဲ့ ဆိုလိုရင်းက အသုဘကမ္မဋ္ဌာန်း၊ အာနာပါနကမ္မဋ္ဌာန်းတွေကို သတိကပ် ပွားများလို့ ရလာတဲ့ ပထမဈာန်ရယ်၊ ဒီပထမဈာန်မှာပါတဲ့ သုခဝေဒနာနဲ့ယှဉ်တွဲပြီး ဖြစ်နေတဲ့ ကာယဂတာသတိကို မိမိ သန္တာန်က စွန့်ခွါမသွားအောင် ကျင့်ရမယ်လို့ ဆိုလိုတာပါ။ ဒီဩဝါဒကတော့ အရှင်မြတ်က ဥပဓိရုပ်ဆင်းအင်္ဂါ ပြည်စုံသူဖြစ်တာမို့ ရုပ်ရေအဆင်းလှပမှုအပေါ် မက်မောတွယ်တာတဲ့ တဏှာလောဘကို ပယ်ဖို့ရန်အတွက် ဆုံးမရခြင်းဖြစ်ပါတယ်။

အရှင်မဟာကဿပမထေရ်လဲ ဒီဩဝါဒသုံးပါးကို ရိုသေစွာ ခံယူလိုက်တယ်။ ဒီလို ဩဝါဒကို ခံယူလိုက်တာသည်ပင် အရှင်မြတ်အတွက် ရှင်ပြုတာလဲဖြစ်၊ ရဟန်းခံတာလဲ ဖြစ်ပါတယ်။ ဒီလို ရဟန်းခံတာမျိုးဟာ သာသနာတော်မှာ အရှင်မြတ်တစ်ပါးထဲပဲ ရခဲ့တာပါ။ ဒီလို ရဟန်းခံနည်းမျိုးကို **ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ** လို့ ခေါ်ပါတယ်။

ဒီ့နောက်တော့ မြတ်စွာဘုရားရှင်ဟာ ဗဟုပုတ္တကညောင်ပင်ကနေ ထွက်ခွါခဲ့ပြီး အရှင်မဟာကဿပ မထေရ်မြတ်ကို နောက်ပါရဟန်းပြုကာ ခရီးထွက်တော်မူခဲ့ပါတယ်။ မြတ်စွာဘုရားကိုယ်တော်မှာ သုံးဆယ့်နှစ်ပါး သော ယောကျ်ားမြတ်တို့လက္ခဏာနဲ့ ဆန်းကြယ်ပြည့်စုံတော်မူပြီး အရှင်မဟာကဿပမှာတော့ ခုနစ်ပါးသော

ယောက်ျားမြတ်တို့လက္ခဏာနဲ့ တန်ဆာဆင်ထားတဲ့အတွက် အလွန်တင့်တယ် သပ္ပါယ်တော်မူကြပါတယ်။ အရှင်မြတ်လဲ ရွှေလှေကြီးနောက် ရွှေလှေငယ်လေး လိုက်ပါနေတဲ့အလား မြတ်စွာဘုရားနောက်က ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါကြွသွားပါတယ်။ အတန်ငယ်ခရီး ကြွပြီးတဲ့နောက် မြတ်စွာဘုရားက လမ်းမခရီးကနေ ဘေးကိုထွက်ခွါလိုက်ပြီး အနီးရှိ သစ်ပင်တစ်ပင်အောက်မှာ ထိုင်တော်မူမည့်ဟန် ပြင်လိုက်ပါတယ်။ ဒီအခါ အရှင်မဟာကဿပမထေရ်က သူ့ရဲ့အလွန်နူးညံ့တဲ့ နှစ်ထပ်ဒုကုဋ်သင်္ကန်းကြီးကို လေးခေါက် ခေါက်လိုက်ပြီး အခင်းအဖြစ် ခင်းပြီးတဲ့အခါ သူ့ကိုချီးမြှောက်တဲ့အနေနဲ့ ဒီအခင်းပေါ် ထိုင်တော်မူပါရန် မြတ်စွာဘုရားကို လျှောက်ပါတယ်။

သင်္ကန်းချင်း လဲတော်မူပုံ

မြတ်စွာဘုရားရှင်လဲ အရှင်မြတ်ခင်းပေးတဲ့ အခင်းမှာ ထိုင်တော်မူပြီး အဲဒီအခင်း ဒုကုဋ်သင်္ကန်းကို လက်နဲ့ ကိုင်ကြည့်ကာ "ချစ်သားကဿပ....သင့်ရဲ့ အဝတ်ဟောင်း ဒုကုဋ်သင်္ကန်းကြီးက တော်တော်နူးညံ့ပါပေတယ်"လို့ ချီးကျူးစကား မိန့်တော်မူပါတယ်။

ဒီလို ချီးကျူးစကား မိန့်ဆိုရခြင်းဟာ အရှင်မြတ်နဲ့ သင်္ကန်းချင်း လဲလိုတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ မြတ်စွာဘုရားက ခုလို မထေရ်မြတ်နဲ့ သင်္ကန်းချင်း လဲလိုရခြင်းဟာလဲ မထေရ်မြတ်ကို ကိုယ့်တော့်အရာ ကိုယ်တော်နဲ့ထပ်တူ ထားတော်မူလိုတဲ့အတွက်ကြောင့်ပါ။ ဒါကလဲ အကြောင်းရှိပါတယ်။ အရှင်မဟာကဿပ အပြင် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့ ရှိကြပေမဲ့ ဒီအရှင်မြတ်တွေက မြတ်စွာဘုရားရဲ့ အရင် ပရိနိဗ္ဗာန်စံမည့်ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ အရှင်မြတ်ကတော့ အသက် ၁၂၀ အထိ ရှည်မည့်ပုဂ္ဂိုလ်ဖြစ်ပြီး ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးတဲ့အခါ သာသနာငါးထောင် အရှည်တည်တံ့စေနိုင်မဲ့ ပထမသင်္ဂါယနာတင်ပွဲကြီးကို ဦးဆောင်ပြီး သင်္ဂါယနာတင်မဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ယခုလို မြတ်စွာဘုရားက သင်္ကန်းချင်းလဲလှယ်ပြီး ကိုယ်တော်နဲ့ ထပ်တူပြု ချီးမြှောက်ထားတဲ့အတွက် ကျန်တဲ့ ရဟန်းတွေက အရှင်မြတ်ကြီးအပေါ် ရိုသေကျိုးနွံကြပြီး အရှင်မြတ်စကားကို လေးစားလိုက်နာကြမှာဖြစ်ပါတယ်။ ဒီအရေးကို မျှော်တွေးဆင်ခြင်မိလို့ ဘုရားရှင်ဟာ မထေရ်မြတ်နဲ့ ခုလို သင်္ကန်းချင်း လဲလိုရခြင်းဖြစ်ပါတယ်။ ဒါကို သံယုတ် အဋ္ဌကထာမှာ ရှင်းပြထားပါတယ်။

အရှင်မဟာကဿပမထေရ်မြတ်လဲ မြတ်စွာဘုရားရှင်က ငါ့ရဲ့သင်္ကန်းကို ချီးကျူးနေတယ်၊ မြတ်စွာဘုရား ငါ့ရဲ့သင်္ကန်းကို ဝတ်ရုံလိုတဲ့သဘောရှိတယ်ဆိုတာ သိလိုက်ပြီး သူ့ရဲ့ နှစ်ထပ်ဒုကုဋ်သင်္ကန်းကြီး မြတ်စွာဘုရားရှင်အား လှူလိုက်ပါတယ်။ ဒီအခါ မြတ်စွာဘုရားက မထေရ်မြတ်ကို သင်က ဘာဝတ်ရုံမလဲလို့ မိန့်တော်မူပါတယ်။ အရှင်မြတ်ကလဲ အရှင်ဘုရားတို့ရဲ့ နှစ်ထပ်သင်္ကန်းကို ရမယ်ဆိုရင် တပည့်တော် အဲဒီ သင်္ကန်းကို ဝတ်ပါမယ်ဘုရားလို့ ပြန်လည်လျှောက်ထားလိုက်ပါတယ်။

အဲဒီအခါ မြတ်စွာဘုရားက "ချစ်သား ကဿပ.... ငါဘုရားဝတ်ရုံထားလို့ ဟောင်းနေတဲ့ ဒီပံသုကူသင်္ကန်းကို ဆောင်နိုင်ပါ့မလား။ ငါဘုရား ဒီသင်္ကန်းကို ပံသုကူသင်္ကန်းအဖြစ် ကောက်တဲ့နေ့က မဟာပထဝီမြေကြီးဟာ ရေမြေဆုံးတဲ့အပိုင်းအခြားအထိ တုန်လှုပ်ခဲ့တယ်။ ဘုရားရှင်တွေဝတ်ရုံ သုံးဆောင်ပြီး

သားဖြစ်တဲ့ ဒီလိုသင်္ကန်းမျိုးကို ဂုဏ်ငယ်တဲ့ပုဂ္ဂိုလ်တွေ ဝတ်ရုံဖို့ရာ မထိုက်တန်ဘူး၊ အကျင့်ပဋိပတ်ဂုဏ်ကို ထမ်းဆောင်နိုင်စွမ်းရှိတဲ့ ပင်ကို ပံသုကူဓုတင်ဆောင် ပုဂ္ဂိုလ်တွေမှ ဝတ်ရုံ ထိုက်တယ်" လို့ မိန့်တော်မူပြီး မထေရ်မြတ်နဲ့ သင်္ကန်းချင်း လဲလှယ်တော်မူပါတယ်။

ပြီးတဲ့အခါ အရှင်မဟာကဿပရဲ့ နှစ်ထပ်သင်္ကန်းကို မြတ်စွာဘုရားက ဝတ်ရုံတော်မူလိုက်ပြီး၊ မြတ်စွာဘုရားရဲ့ နှစ်ထပ် သင်္ကန်းကို မထေရ်မြတ်က ဝတ်ရုံလိုက်ပါတယ်။ ဒီအခါမှာ စိတ်စေတနာမရှိတဲ့ သက်မဲ့မြေကြီးက "မြတ်စွာဘုရား....အရှင်ဘုရားတို့ဟာ ပြုနိုင်ခဲတဲ့အမှုကိစ္စကို ပြုတော်မူလိုက်ကြပါပြီဘုရား၊ မိမိဝတ်ရုံထားတဲ့ သင်္ကန်းဟောင်းကို တပည့်နဲ့ သင်္ကန်းချင်းလဲတယ်ဆိုတာ ရှေးက မဖြစ်ခဲ့ဘူးပါဘုရား၊ တပည့်တော်ဟာ အရှင်ဘုရားတို့ရဲ့ ဂုဏ်တွေကို ထမ်းဆောင်ထားဘို့ရာ မစွမ်းနိုင်တော့ပါဘုရား" လို့ လျှောက်တင်တဲ့အလား မြေရဲ့အဆုံး ရေထိအောင် အပိုင်းအခြားပြုပြီး တုန်လှုပ်ခဲ့ပါတယ်။

အရှင်မဟာကဿပမထေရ် ဧတဒဂ်ရာထူး ရတော်မူခြင်း

အရှင်မဟာကဿပမထေရ်မြတ်လဲ "ငါဟာ မြတ်စွာဘုရားရှင်ဆီက သင်္ကန်းရပေပြီ၊ ငါ့အဖို့ရာ အထက်မဂ်ဖိုလ်အတွက် ပြုကျင့်စရာ မရှိတော့"လို့ သင်္ကန်းရရုံကလေးနဲ့ မာန်တက်မနေဘဲ မြတ်စွာဘုရားထံမှာ ဓုတင် ၁၃ ပါး ဆောက်တည် အဓိဋ္ဌာန်လိုက်ပြီး ရဟန်းတရား ပွားများအားထုတ်တော်မူခဲ့ပါတယ်။ ရဟန်းဖြစ်ပြီး ပုထုဇဉ်အဖြစ် နဲ့ ခုနစ်ရက်မျှပဲ နေခဲ့ပြီး ရှစ်ရက်မြောက်နေ့ အရုဏ်တက်ချိန်မှာ ပဋိသမ္ဘိဒါဉာဏ်လေးပါးနဲ့အတူ အရဟတ္တဖိုလ် သို့ ဆိုက်ရောက်တော်မူခဲ့ပါတယ်။

မြတ်စွာဘုရားရှင်လဲ အရှင်မဟာကဿပမထေရ်မြတ်ကို "ရဟန်းတို့....ဒီကဿပမထေရ်ဟာ လလို အေးမြတဲ့မေတ္တာစိတ်နဲ့ ဒကာ၊ ဒကာမတွေရဲ့ အိမ်တွေကို ချဉ်းကပ်တယ်၊ ကိုယ်နဲ့စိတ်ကို အမြဲတမ်း ထိန်းချုပ်ပြီး ချုပ်ချယ်မာန်မူခြင်း ကိုယ်နှုတ်ကြမ်းတမ်းခြင်း လုံးဝမရှိဘဲ အမြဲညှော့သည်စိတ်ဓာတ်မျိုးနဲ့ လူဒကာ၊ ဒကာမ တွေရဲ့ အိမ်ကို ချဉ်းကပ်တတ်တယ်"စသဖြင့် သုတ္တန်ပေါင်းများစွာနဲ့ ချီးကျူးတော်မူပြီး နောက်ပိုင်းကာလ အချိန်တစ်ချိန်မှာ မထေရ်မြတ်ရဲ့ ဓုတင်အကျင့်ပဋိပတ်ဂုဏ်ကို အကြောင်းပြုကာ အရိယာပုဂ္ဂိုလ်တွေရဲ့အလယ်မှာ "ရဟန်းတို့.....ကိလေသာကို ခါတွက်ကြောင်း ဓုတင်အကျင့်ပဋိပတ်ကို ကိုယ်တိုင်လဲ ကျင့်သုံးပြီး သူတပါးကိုလဲ ဟောကြားဆုံးမကြတဲ့ ငါ့တပည့်တွေထဲမှာ မဟာကဿပမထေရ်ဟာ အမြတ်ဆုံး အသာဆုံး ဖြစ်ပေတယ်" လို့ မိန့်ကြားတော်မူပြီး ဓုတင်အကျင့်အရာ အသာဆုံး ဧတဒဂ်အရာ ထားတော်မူခဲ့ပါတယ်။

(ဂ) အရှင်မဟာကဿပမထေရ်နဲ့ဆက်စပ်ပြီး ဟောထားသည့် တရားတော်များ

မြတ်စွာဘုရားရှင် အရှင်မဟာကဿပနဲ့ဆက်စပ်ပြီး ဟောခဲ့တဲ့ တရားတော်များကို သံယုတ်ပါဠိတော်မှာ မှတ်တမ်းတင်ထားပါတယ်။ အဲဒီထဲက အချို့ကို အရှင်မြတ်ကြီးရဲ့ ဂုဏ်ရည်တွေ သိရှိကြည်ညိုပြီး သံဃာ့ဂုဏ်တော်အပေါ်မှာ သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရား ခိုင်မြဲစေဖို့ ဖော်ပြပါဦးမယ်။

(၁) ရောင့်ရဲလွယ်သည့် အရှင်မြတ်

မြတ်စွာဘုရားက ရဟန်းတော်တွေကို "ရဟန်းတို့…ကဿပဟာ ရတတ်သမျှသော သင်္ကန်းနဲ့ ရောင့်ရဲသူ ဖြစ်တယ်၊ ဒီလို ရတတ်သမျှသော သင်္ကန်းနဲ့ ရောင့်ရဲခြင်းရဲ့ ဂုဏ်ကိုလဲ ချီးကျူးလေ့ရှိတယ်၊ သင်္ကန်းနဲ့ ပတ်သက်ပြီးတော့လဲ ရဟန်းတော်တွေအတွက် မအပ်စပ်တဲ့နည်းတွေနဲ့ မရှာဖွေ၊ သင်္ကန်းကို မရခဲ့ရင်လဲ မျှော်လင့်တောင့်တပြီး မနေ၊ ရပြန်ရင်လဲ မက်မောမှုမရှိ၊ မမက်မော မတပ်မက်ဘဲ အပြစ်နဲ့အကျိုးကို ရှုဆင်ခြင်ပြီး သုံးဆောင်လေ့ရှိသူ ဖြစ်တယ်။ ဆွမ်း၊ ကျောင်း၊ ဆေးပစ္စည်းတွေနဲ့ပတ်သက်လာရင်လဲ ခုလိုပဲ ရောင့်ရဲလွယ်သူ ဖြစ်တယ်။ ဒါ့ကြောင့် သင်ချစ်သားတို့လဲ ပစ္စည်းလေးပါးနဲ့ပတ်သက်ပြီး ရောင့်ရဲလွယ်သူဖြစ်အောင် ကျင့်ရမယ်" လို့ အရှင်မဟာကဿပကို ဥပမာအရာထားပြီး ဆုံးမခဲ့ပါတယ်။

(၂) စန္ဒာလမင်းပမာကျင့်သည့် အရှင်မြတ်

ရဟန်းတို့….ဥပမာအားဖြင့် ရေတွင်းပျက်နား၊ တောင်ကမ်းပါးနဲ့ မြစ်ကမ်းပါးမှာ သွားတဲ့သူဟာ ကိုယ်နဲ့ စိတ်ကို သေချာစောင့်ရှောက်ထိန်းချုပ်ပြီး ဂရုတစိုက် ကြည့်သွားရသလို ဒကာ၊ ဒကာမတွေရဲ့ အိမ်ကို သင်တို့ သွားလာချဉ်းကပ်ကြရင်လဲ ငွေစန္ဒာလမင်းပမာ ချဉ်းကပ်ရမယ်၊ ကိုယ်နဲ့စိတ်ကို ကောင်းစွာစောင့်ရှောက် ထိန်းသိမ်းပြီး ချဉ်းကပ်ရမယ်၊ အမြဲတမ်းညှော့သည့်စိတ်ထားနဲ့ ချဉ်းကပ်ရမယ်၊ ကိုယ်နှုတ်စိတ်သုံးမျိုးလုံး မကြမ်းတမ်းဘဲ ယဉ်ကျေးသိမ်မွေ့စွာနဲ့ ချဉ်းကပ်ရမယ်။ ကဿပဟာ ဒီလို စိတ်ထားမျိုးနဲ့ ဒကာ၊ ဒကာမတွေရဲ့ အိမ်ကို ထွက်ဝင် ချဉ်းကပ်သူဖြစ်တယ်။

လလိုကျင့်ရမယ်ဆိုတာ ငွေစန္ဒာလမင်းဟာ ကောင်းကင်ပြင်မှာ သွားနေတဲ့အခါ ဘယ်ပုဂ္ဂိုလ်နဲ့မှ ပေါင်းဖော်ခြင်း၊ ချစ်ခင်ခြင်း၊ တွယ်တာခြင်း၊ တပ်မက်ခြင်း၊ တောင့်တခြင်းမပြုပါ။ ဒါပေမဲ့ လူတိုင်းက သူ့ကို မချစ်ဘဲ မနေနိုင်၊ မနှစ်သက်ဘဲ မနေနိုင်၊ အလွန်ချစ်ခင် နှစ်သက် မြတ်နိုးကြတယ်။ ဒီဥပမာလို သင်တို့လဲပဲ မည်သူနဲ့မှ ပေါင်းဖေါ်ခြင်း၊ ချစ်ခင်ခြင်း၊ တွယ်တာခြင်း၊ တပ်မက်ခြင်း၊ တောင့်တခြင်းမပြုဘဲ လူအများက နှစ်သက်မြတ်နိုးတဲ့ ငွေစန္ဒာလမင်းပမာ ဒကာ၊ ဒကာမတွေအိမ် ချဉ်းကပ်ရမယ် ဆက်ဆံရမယ်။ ဒါ့အပြင် ငွေစန္ဒာလမင်းဟာ အမှောင်ကို ပယ်ဖျောက်ပေးတယ်၊ အေးမြတဲ့အလင်းရောင်ကို ပေးတယ်၊ သင်တို့လဲ ငွေစန္ဒာလမင်းလို ဒကာ၊ ဒကာမတွေအိမ်သွားလာဆက်ဆံတဲ့အခါ ကိလေသာအမိုက်မှောင်ကို ပယ်ဖျောက်ပေးရမယ်၊ ဉာဏ်အလင်းရောင်တွေ ရအောင် ဟောပြောဆုံးမပေးရမယ်။ ကဿပဟာ ငွေစန္ဒာလမင်းပမာ ကျင့်သူ ဖြစ်တယ်။

(၃) အရှင်မြတ်ရဲ့ ဒကာ၊ ဒကာမတွေအိမ် ချဉ်းကပ်တဲ့အခါ ထားသည့်စိတ်ထား

တစ်ခါတော့ မြတ်စွာဘုရားက ရဟန်းတွေကို "ရဟန်းတို့ ….ဘယ်လို ရဟန်းမျိုးဟာ ဒကာ၊ ဒကာမတွေ အိမ် ချဉ်းကပ်ထိုက်ပါသလဲ" လို့ မေးပါတယ်။ ရဟန်းတွေက အရှင်ဘုရားပဲ အကျယ်ရှင်းပြပေးပါဘုရားလို့ ပြန်လျှောက်တဲ့အခါ မြတ်စွာဘုရားက လက်တော်ကို မြှောက်ပြီး ကောင်းကင်ပြင်မှာ ဝှေ့ယမ်းပြပါတယ်။ ဆက်ပြီး "ရဟန်းတို့….ဒီလက်ဟာ ကောင်းကင်ပြင်မှာ ဘယ်အရာနဲ့မှ မငြိကပ် မထိခိုက်သလို သင်တို့လဲ

ဒကာ၊ ဒကာမတွေထံ ချဉ်းကပ်တဲ့အခါ '**လာဘ်လိုချင်သူတွေ လာဘ်ရကြပါစေ၊ ကောင်းမှုပြုလိုသူတွေ ကောင်းမှုပြုနိုင်ကြပါစေ**'ဆိုတဲ့ စင်ကြယ်တဲ့စိတ်ထားရှိရတယ်၊ ဒကာဒကာမအပေါ်မှာရော ပစ္စည်းအပေါ်မှာရော မတွယ်တာရဘူး၊ ဘယ်သူ့ကိုမှလဲ မထိပါးရဘူး။ မိမိလာဘ်ရတဲ့အတွက် နှစ်သက်ဝမ်းမြောက်သလို သူများ လာဘ်ရရင်လဲ နှစ်သက်ဝမ်းမြောက်ရတယ်။ ဒီလို စိတ်ထားရှိသူမျိုးမှ ဒကာ၊ ဒကာမတွေအိမ် ချဉ်းကပ်သင့်တယ်။ ကဿပဟာ ဒီလို စိတ်ထားမျိုးနဲ့ ဒကာ၊ ဒကာမတွေအိမ် ချဉ်းကပ်သူဖြစ်တယ်။

(၄) မစင်ကြယ်တဲ့ တရားဟောနည်းနဲ့ စင်ကြယ်တဲ့တရားဟောနည်း

တစ်ခါမှာတော့ မြတ်စွာဘုရားရှင်က ရဟန်းတွေကို မစင်ကြယ်တဲ့တရားဟောနည်းနဲ့ စင်ကြယ်တဲ့ တရားဟောနည်းကိုလဲ ဟောပြပါတယ်။ ခုခေတ် ဓမ္မကထိကများအတွက်တော့ အတော်လေးကို လိုက်နာမှတ်သားစရာပါ။

"ငါဟောတဲ့ တရားကို လူတွေ နာယူကြရင် ကောင်းလေစွ၊ တရားနာပြီး ငါ့ကို ကြည်ညိုကြပါမူ ကောင်းလေစွ၊ ကြည်ညိုသူတွေကလဲ ကြည်ညိုတဲ့အမူအရာ ပြကြပါမူ ကောင်းလေစွ" ဆိုတဲ့ စိတ်ထားမျိုးနဲ့ သူတပါးကို တရားဟောရင် ဒီတရားဟောခြင်းဟာ မစင်ကြယ်တဲ့ တရားဟောခြင်းပဲ ဖြစ်တယ်။

"မြတ်စွာဘုရားဟောထားတဲ့တရားတော်ဟာ အစ,အလယ်,အဆုံး ကောင်းမွန်စွာ ဟောထားတဲ့ တရားဖြစ်တယ်၊ ကိုယ်တိုင်သိမြင်နိုင်တဲ့တရားဖြစ်တယ်၊ ချိန်ခါမလင့် ချက်ချင်းအကျိုးပေးနိုင်တဲ့ တရားဖြစ်တယ်၊ လာပါ, ရှုကြည့်ပါလို့ တိုက်တွန်းထိုက်တဲ့ တရားတော်ဖြစ်တယ်၊ မိမိရဲ့ ကိုယ်ထဲ စိတ်ထဲ ဆောင်ထားထိုက်တဲ့ တရားတော်ဖြစ်တယ်၊ ပညာရှိတွေ ကိုယ်စီ သိမြင်နိုင်တဲ့ တရားတော်ဖြစ်တယ်။ **ငါဟောတဲ့ တရားကို လူတွေ နာယူကြပါမူ ကောင်းပေစွ၊ တရားနာပြီးရင်လဲ သိနားလည်ကြပါမူ ကောင်းပေစွ၊ သိပြီးရင်လဲ သိတဲ့အတိုင်း ကျင့်ကြံကြိုးစား အားထုတ်ကြပါမူ ကောင်းပေစွ**" လို့ ယခုလို တရားတော်ရဲ့ စစ်မှန်တဲ့တရားဖြစ်ပုံကို သိစေချင်တဲ့စိတ်ထား၊ တရားရစေချင်တဲ့ ကရုဏာစိတ်ထားတွေနဲ့ သူတပါးကို တရားဟောရင် စင်ကြယ်တဲ့ တရားဟောနည်းဖြစ်တယ်လို့ မြတ်စွာဘုရားရှင်က ရဟန်းတွေကို ရှင်းပြပါတယ်။ အရှင်မဟာကဿပဟာ ဒီ စင်ကြယ်တဲ့ တရားဟောနည်းမျိုးနဲ့ တရားဟောသူ ဖြစ်တဲ့အတွက် အရှင်မဟာကဿပလို ပုဂ္ဂိုလ်မျိုး ဖြစ်အောင် ကျင့်ကြံကြိုးစားကြဖို့ မြတ်စွာဘုရားက ရဟန်းတွေကို တိုက်တွန်းတော်မူခဲ့ပါတယ်။

(၅) အရှင်မဟာကဿပ ဓုတင် ကျင့်ရခြင်းအကြောင်း

တစ်ခါမှာတော့ မြတ်စွာဘုရားရှင်က အရှင်မဟာကဿပကို "ချစ်သားကဿပ...ယခု သင် အိုမင်းလာပြီ၊ ပိုက်ဆံလျှော်လို့ခေါ်တဲ့ ချည်ကြမ်းနဲ့ ရက်ထားတဲ့ သင့်ရဲ့ ပံသုကူသင်္ကန်းကလဲ ဟောင်းနွမ်းလေးလံလှပါတယ်၊ ဒါ့ကြောင့် သင်ဟာ ဒကာ,ဒကာမတွေလှူတဲ့ သင်္ကန်းကို ဝတ်ပါ၊ ပင့်ဖိတ်ကပ်တဲ့ ဆွမ်းကို သုံးဆောင်ပါ၊ တောမှာမနေဘဲ ငါရဲ့အနီးနားမှာ နေပါ" လို့ မိန့်တော်မူပါတယ်။ ဒီအခါ အရှင်မြတ်က သူဟာ ပံသုကူဓုတင်၊ ပိဏ္ဍပါတ်ဓုတင်စတဲ့ ဓုတင်အကျင့်တွေကို ကျင့်လာတာလဲ ကြာပြီဖြစ်ကြောင်းနဲ့ ဒီလို ဓုတင်ကျင့်တဲ့သူတွေရဲ့ ဂုဏ်ကိုလည်း ချီးမွမ်းလေ့ရှိပါကြောင်းစသဖြင့် ပြန်လည်လျှောက်ထားပါတယ်။ ဒီလိုလျှောက်

တဲ့အခါ မြတ်စွာဘုရားက ဘယ်လို အကျိုးတရားတွေကို မြင်လို့ သင်ခုလို ဓုတင် အကျင့်ကို ကျင့်ရတာလဲလို့ မေးတော်မူပါတယ်။ ဒီအခါ အရှင်မြတ်က မျက်မှောက်ယခုဘဝမှာပင် ချမ်းသာစွာ နေရတာကို တွေ့မြင်ရလို့ ဖြစ်ကြောင်းနဲ့ နောင်လာနောက်သားတွေ သူ့ကို အတုယူပြီး ဓုတင်အကျင့်တွေ ကျင့်ပါစေဆိုတဲ့ နောက်လာနောက်သားတွေအပေါ် သနားလို့ဖြစ်ကြောင်းဆိုပြီး သူ ဓုတင်အကျင့် ကျင့်ရခြင်းရဲ့ အကြောင်းနှစ်ချက်ကို ပြန်လည်လျှောက်ထားပါတယ်။ ဒီအခါ မြတ်စွာဘုရားက သာဓုခေါ်တော်မူပြီး "ချစ်သား ကဿပ...သင်ဟာ လူအများ အကျိုးစီးပွားဖြစ်ဖို့၊ လူအများချမ်းသာဖို့၊ လူတွေနတ်တွေ အကျိုးရှိပြီး ချမ်းသာဖို့ အတွက် ကျင့်သူဖြစ်ပါပေတယ်၊ ဒါ့ကြောင့် သင်ဆုံးဖြတ်ထားတဲ့အတိုင်း ပံသုကူသင်္ကန်းတွေကို ဝတ်ပါ၊ ဆွမ်းခံ လှည့်လည်ပြီး ဘုဉ်းပေးပါ၊ တောမှာလဲ နေပါ" လို့ ဝမ်းမြောက်ဝမ်းသာ မိန့်ကြားတော်မူခဲ့ပါတယ်။

(၆) တရားတုတွေ ပေါ်လာလျှင် သာသနာကွယ်မည်

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတဲ့အချိန် အရှင်မဟာကဿပမထေရ်ဟာ မြတ်စွာဘုရားထံ သွားရောက်ပြီး ရှိသေစွာ ရှိခိုးကန်တော့ကာ " မြတ်စွာဘုရား....အရင်ကဆိုရင် ပညတ်ထားတဲ့သိက္ခာပုဒ်က နဲပါတယ်၊ ဒါပေမဲ့ ရဟန္တာဖြစ်သူက များပါတယ်၊ ဒီလိုဖြစ်ရတာ ဘာ့ကြောင့်ပါလဲဘုရား။ ခုနေခါမှာတော့ ပညတ်ထားတဲ့ သိက္ခာပုဒ်တွေများလာသလောက် ရဟန္တာဖြစ်သူကတော့ နဲသွားပါတယ်ဘုရား။ ဒီလိုဖြစ်ရတာလဲ ဘာ့ကြောင့်ပါလဲဘုရား"လို့ မေးလျှောက်ပါတယ်။

ဒီအခါမြတ်စွာဘုရားက "ချစ်သား ကဿပ...သတ္တဝါတွေ ဆုတ်ယုတ်လာရင် သူတော်ကောင်းတရားတွေလဲ တဖြည်းဖြည်း ဆုတ်ယုတ်လာတာပဲ၊ ဒီလိုအခါမှာ သိက္ခာပုဒ်တွေ ပညတ်ရတာ များလာပြီး အရဟတ္တဖိုလ်တည်ပြီး ရဟန္တာဖြစ်သူကတော့ နဲသွားတယ်။ ကဿပ...**တရားတုတွေ မပေါ်သေးရင်တော့ သူတော်ကောင်းတရားတွေ မကွယ်သေးပါဘူး။ တရားတုတွေ ပေါ်လာပြီဆိုရင်တော့ သူတော်ကောင်းတရား အစစ်အမှန်တွေ ကွယ်ပျောက်တော့တာပဲ။** ဥပမာအနေနဲ့ ပြောရရင် ရွှေအတုတွေ မပေါ်သေးသရွေ့တော့ ရွှေအစစ်တွေ မပျောက်ကွယ်သေးဘဲ ရွှေအတုတွေ ပေါ်လာပြီး ပေါ်များလာရင်တော့ ရွှေအစစ်တွေ ကွယ်ရတာ လိုပါပဲ"လို့ ဖြေတော်မူပါတယ်။

ဆက်ပြီး မြတ်စွာဘုရားက "ချစ်သားကဿပ...သူတော်ကောင်းတရားကို ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်ဆိုတဲ့ ဓာတ်ကြီးလေးပါးတို့က ကွယ်စေနိုင်တာမဟုတ်ဘူး၊ **တကယ်စင်စစ်တော့ သူတော်ကောင်းတရားကို ကွယ်စေနိုင်တဲ့ အချည်းနှီး တန်ဖိုးမဲ့သူတွေဆိုတာ ဒီသာသနာတော်တွင်းမှာ ရှိနေကြတာပါ"**လို့လဲ မိန့်တော်မူပါတယ်။ သံကနေဖြစ်လာတဲ့ သံချေးကပဲ သံကို ပြန်ဖျက်သလိုပါပဲလို့ သံယုတ်အဋ္ဌကထာမှာ မှတ်ချက်ပေးထားပါတယ်။

ဒီနေရာမှာ တရားတုနဲ့ပတ်သက်ပြီး သံယုတ်အဋ္ဌကထာလာတဲ့အတိုင်း ဖော်ပြပါ့မယ်။ တရားတု ဆိုတာ ပရိယတ္တိတရားတုနဲ့ ပဋိပတ္တိတရားတုဆိုပြီး နှစ်မျိုးရှိပါတယ်။ **ပရိယတ္တိတရားတု**ဆိုတာက သင်္ဂါယနာသုံးတန် တင်ထားတာလဲမဟုတ်၊ ဘုရားစကားတော်လဲ မဟုတ်တဲ့ စာပေကျမ်းဂန်တွေကို ဆိုလိုတာပါ။ ဘုရားဟော

မဟုတ်တာကို ဘုရားဟောလို ဟောပြောမှုတွေဟာလဲ ပရိယတ္တိတရားတုတွေပါပဲ။ **ပဋိပတ္တိတရားတု**ဆိုတာက ဝိပဿနာတရား အားထုတ်လို့ ဖြစ်ပျက်မြင်တဲ့ ဥဒယဗ္ဗယဉာဏ်တွေ ရင့်သန်လာတဲ့အခါ ဖြစ်ပေါ်လာတတ်တဲ့ အရောင်အလင်း ထွက်တာ၊ ပီတိတွေ ထူးခြားစွာဖြစ်ပေါ်လာတာ၊ ငြိမ်းအေးမှုတွေ အိမ့်ခနဲ သိမ့်ခနဲ ဖြစ်ပေါ်လာတာစတာတွေကို တရားထူးလို့ ထင်တာပဲ ဖြစ်ပါတယ်။ အဲဒီလို ထင်ပြီး ဆက်အားမထုတ်တော့ တရားစစ်တရားမှန်တွေ မရတော့ပါဘူး။ ဒါ့ကြောင့် ဒီ ဝိပဿနာညစ်ညူးကြောင်း ဆယ်မျိုးကို ပဋိပတ္တိတရားတုလို့ ခေါ်ပါတယ်။ ဒီလို ပရိယတ်၊ ပဋိပတ်တရားတုတွေ ထွန်းကားလာရင် တရားစစ်တွေ ကွယ်တော့တာပါပဲ။

(၇) သာသနာကွယ်ကြောင်းတရားနဲ့ သာသနာတည်ကြောင်းတရား

ဆက်ပြီး မြတ်စွာဘုရားရှင်က အရှင်မဟာကဿပကို သာသနာကွယ်ကြောင်းတရားနဲ့ သာသနာတည်ကြောင်းတရားတို့ကို ဆက်ပြီးဟောပါတယ်။ သာသနာကွယ်ကြောင်းတရားက ငါးမျိုးပါ။ ရဟန်းတွေ၊ ရဟန်းမတွေ၊ ဥပါသကာတွေ၊ ဥပါသိကာမတွေဟာ မြတ်စွာဘုရားအပေါ် ရိုသေလေးစားမှု မရှိခြင်း၊ တရားတော်အပေါ် ရိုသေလေးစားမှု မရှိခြင်း၊ သံဃာအပေါ် ရိုသေလေးစားမှု မရှိခြင်း၊ သိက္ခာသုံးပါးအပေါ် ရိုသေလေးစားမှုမရှိခြင်းနဲ့ ဈာန်သမာဓိအပေါ် ရိုသေလေးစားမှု မရှိခြင်းတို့ပဲ ဖြစ်ပါတယ်။

သာသနာတည်ကြောင်းတရားလဲ ငါးမျိုးပါပဲ။ ရဟန်းတွေ၊ ရဟန်းမတွေ၊ ဥပါသကာတွေနဲ့ ဥပါသိကာမတွေဟာ မြတ်စွာဘုရားအပေါ် ရိုသေလေးစားခြင်း၊ တရားတော်အပေါ် ရိုသေလေးစားခြင်း၊ သံဃာအပေါ် ရိုသေလေးစားခြင်း၊ သိက္ခာသုံးပါးအပေါ် ရိုသေလေးစားခြင်းနဲ့ ဈာန်သမာဓိအပေါ် ရိုသေလေးစားခြင်းတို့ပဲ ဖြစ်ပါတယ်။

ခုဖော်ပြခဲ့တာတွေကတော့ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် အရှင်မဟာကဿပအရှင်မြတ်ကြီးကို ချီးကျူးတော်မူခဲ့တဲ့ ကြည်ညိုဖွယ်ရာဂုဏ်ရည်တွေပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ဓုတင်အရာ ဧတဒဂ်ရတော်မူခဲ့တဲ့ အရှင်မဟာကဿပအရှင်မြတ်ကြီးရဲ့ အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ ပါရမီဖြည့်ပုံတွေနဲ့ ကြည်ညိုဖွယ်ရာဂုဏ်ရည်တွေကို သိရှိကြည်ညိုပြီး ပါရမီကောင်းမှုတွေ ဖြည့်နိုင်ကြပါစေ၊ အရှင်မြတ်ကြီးကဲ့သို့ ရောင့်ရဲနိုင်တဲ့ပုဂ္ဂိုလ်၊ တပ်မက်တွယ်တာမှုတွေ နည်းပါးတဲ့ပုဂ္ဂိုလ် ဖြစ်နိုင်ကြပါစေ၊ တရားစစ်နဲ့ တရားတုခွဲခြားနိုင်ပြီး တရားစစ်တွေကို ထိုးထွင်းသိနိုင်ကြပါစေလို့ ဆုတောင်းရင်း ဒီတစ်ပတ် သင်တန်းကို နားလိုက်ပါတယ်။

ကျမ်းကိုး---

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ၎င်းအဋ္ဌကထာ။ ၂။ အပဒါန်ပါဠိတော်၊ ၎င်းအဋ္ဌကထာ။
၃။ ထေရဂါထာပါဠိတော်၊ ၎င်းအဋ္ဌကထာ။ ၄။ သံယုတ်ပါဠိတော်၊ ၎င်းအဋ္ဌကထာ။
၅။ မဟာဗုဒ္ဓဝင် ဆဋ္ဌတွဲ၊ ပထမပိုင်း။

အရှင်နေမိန္ဒာဘိဝံသ၊ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ
35691, Palomares Road, Castro Valley, C A 94552, U S A,
၁၃၇၉-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်၊(6/4/2018)သောကြာနေ့။ နံနက် ဝဝ း ၄၇။